မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၁၈)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲ အခမ်းအနား (အောက်ပုံ) **နှင့် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း လူငယ်နှီးနှောဖလှယ်ပွဲ အခမ်းအနား ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေ၌ တစ်ခဲနက် စည်ကား သိုက်မြိုက်စွာ ကျင်းပ၊

လူငယ်စွမ်းအားဖြင့် ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်အံ့ ဟူသော အဆိုကို ထောက်ခံအတည်ပြု၊ လူငယ် ကတိ သစ္စာငါးရပ် အတည်ပြု။

နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်အဖြစ်ကြိုးပမ်းဆဲဖြစ် ကြိုးပမ်းနေချိန်တွင်ပြည်ထောင်စုပြိုကွဲရေးကြံစည်နေသည့်အဖျက်လုပ်ရပ်များကျူးလွန်နေ ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများပြည်သူများ၏လက်ရုံးကြားကြွေမွပျက်သုဉ်းချိန်နီးနေပြီ ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြည်တွင်းပြည်ပအဖျက်သမားများကိုချေမှုန်းဖယ်ရှား

ရန်ကုန် မေ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲအခမ်းအနားကို ယနေ့နံနက် ၆နာရီ မိနစ်၅၀တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ရွှေစည်းခုံစေတီတော်ခြေတော်ရင်းရှိ အားကစားကွင်း၌ တစ်ခဲနက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အင်တိုက်အားတိုက်တက်ရောက်

လူငယ်နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဒေသရေးရာ ညှိနှိုင်းရေးမှူးများ၊ လူငယ်ကိုယ်စားလှယ်များ၊

ကျောဖုံးသို့ ●

နိုင်ငံတော်ပွဲ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၉ ရက်)

ပြည်သူ့အကျိုးပြုလုပ်ငန်း သန္တာရှိရှိကြိုးစားလုပ်ကိုင် အဖျက်အန္တရာယ်များ သတိပြုကာကွယ်တိုက်ဖျက်

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်ကစ၍ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်စီမံကိန်းတို့ကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ပေးရာတွင် နိုင်ငံတော်၏ အဓိကစီးပွားရေး ကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးစွမ်းအား သိသိသာသာ မြှင့်တင်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများ ဖြစ်သည့် ဆည်မြောင်းတာတမံ ၁၇၃ခု၊ မြစ်ရေတင်စီမံကိန်း ၂၇၁ခုကို တည်ဆောက်ပေးနိုင်ခဲ့၍ စိုက်ပျိုးရေး ကဏ္ဍအတွက် သိသာသည့် အကျိုးသက်ရောက်မှုရရှိနေပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကုန်ထုတ်စွမ်းအား မြှင့်တင်ရေး၊ ကူးသန်းရောင်းဝယ်ရေးကဏ္ဍ ကျယ်ပြန့်ရေး၊ စက်မှုကဏ္ဍတိုးချဲ့နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သော ကားလမ်း၊ ရထားလမ်း၊ မြစ်ကူးချောင်းကူးတံတားများ၊ ပင်လယ်ကူးသင်္ဘောဆိပ်ခံတံတားများ၊ လေဆိပ်များ တည်ဆောက်ရေး၊ လျှပ်စစ်နှင့် လောင်စာစွမ်းအင်များ တိုးချဲ့ထုတ်လုပ်ရေးများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်တွင် ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ စုစုပေါင်း ၅၇၁၅၃မိုင်အထိ အသစ်တိုးချဲ့ဖောက်လုပ်နိုင်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ကြီး ဖြစ်ထွန်းလာနေပြီ ဖြစ်သည်။

နိုင်ငံတော်သည် လူမှုရေးဦးတည်ချက်နှင့်အညီ လူမှုရေးကဏ္ဍ စွမ်းအားမြင့်မားရေးကိုလည်း ဘက်ပေါင်းစုံဖွံ့ဖြိုးရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။ လူမှုရေးကဏ္ဍတွင် အဓိက ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတော်၏ ဒေသတိုင်းတွင် ပညာသင်ကြားမှု အခွင့်အလမ်း မြင့်မားလာရေးအတွက် အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် အဓိကရောဂါများ တိုက်ဖျက်ရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူလူထု နှင့်အတူ နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခဲ့သည့်အပြင် အထူးကုဆေးရုံကြီးများ တိုးချဲ့ရေး၊ ကျေးလက်ကျန်းမာရေးကဏ္ဍတိုးချဲ့ရေး၊ ဆေးပညာသင်ကြားမှု မြင့်မားရေးတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံရေးကဏ္ဍတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင် အထည်ဖော်လျက်ရှိသည်။ ယနေ့ အခြေအနေအထိ နိုင်ငံတော်ကြီးတိုးတက်ဖွံ့ဖြိုးလာခြင်း၊ တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအခြေခံများ တည်ဆောက်နိုင်ခြင်းတို့သည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ ကိုယ်စွမ်းကိုယ်စအပေါ် အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများ အတူတကွ ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ပြည်သူများ စားဝတ်နေရေးဖူလုံရေး၊ အမှားအမှန်ဆင်ခြင်သုံးသပ်နိုင်သည့် ပညာရည်ရရှိရေးအတွက် နိုင်ငံတော်ကဖန်တီးပျိုးထောင်ပေးလျက်ရှိသည်။ သို့မှသာ မိမိတို့နှင့် လိုက်လျောညီထွေသည့် အနာဂတ် ဒီမိုကရေစီ လူနေမှုစနစ်တစ်ရပ်ကို ခိုင်မာစွာထူထောင်သွားနိုင်မည်ဖြစ်ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မကွေးတိုင်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း မေလ ၆ရက်နေ့ ညနေပိုင်းက သရက်မြို့ သရက်ခရိုင်ခန်းမတွင် သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံမှာကြားရာ၌–

"မိမိတို့အနေဖြင့် ချမှတ်ထားသော ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်ကြရာ၌ အဖျက်အန္တရာယ်၊ အဖျက်သမားတို့၏ သဘောကိုလည်း နားလည်သတိထားရန် လိုကြောင်း"

ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်မတည်ငြိမ်ရေးနှင့် ပြည်ထောင်စုပြိုကွဲရေးကို ကြံစည်အားထုတ်နေသည့် အဖျက် သမားများသည် ပြည်ပပယောဂ၊ ပြည်ပ၏အားပေးမှုများဖြင့်ယှဉ်၍ လှုပ်ရှားဆောင်ရွက်လာကြသည်ကို တွေ့မြင်နေရသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သန္တာရှိရှိ၊ သမာဓိရှိရှိ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက် နေသကဲ့သို့ တစ်ဖက်မှ အဖျက်အန္တရာယ်များကိုလည်း သတိပြုသိမြင်ကာကွယ် တိုက်ဖျက်သွားရမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ခြောက်နိုင်ငံ လေဆိပ်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီ

အဘူဒါဘီ မေ ၅

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)ခြောက်နိုင်ငံ သည် ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများကိုနှိမ်နင်းရန် ယင်းတို့၏လေဆိပ်များ၌ လုံခြုံရေးအစီအမံများထားရှိပြီး ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာ ခါလီတိုင်းမ်သတင်းစာက ဗုဒ္ဓဟူးနေ့က ဖော်ပြသည်။

ယင်းသဘောတူညီချက်ကို အဘူဒါဘီ၌ အင်္ဂါနေ့က ကျင်းပပြီးစီးသွားသည့် (၁၉)ကြိမ်မြောက် ဂျီစီစီ လေဆိပ်လုံခြုံရေးအကြီးအကဲများ အစည်းအဝေးတွင် သဘောတူညီခဲ့ခြင်း ဖြစ်သည်။

လုံခြုံရေးအစီအမံ

ယင်းထူထောင်မည့် ပူးပေါင်း ဆောင်ရွက်ရေး ဌာနများသည်အဖွဲ့ဝင်နိုင်ငံများက အလိုရှိသည့် လုံခြုံရေး အစီအမံ သတင်းအချက်အလက်များ ရယူပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်း အစည်းအဝေးသို့ တက်ရောက်လာသည့် ကူဝိတ်ကိုယ်စားလှယ်ခေါင်းဆောင် အာမက်အမ်အယ် ဒါဘတ်က ပြောကြားသည်။

ခြောက်နိုင်ငံပါဝင်

ဂျီစီစီကို ၁၉၈၁ခုနှစ်က တည်ထောင်ခဲ့ပြီး ကူဝိတ်၊ ဘာရိန်း၊ ဆော်ဒီအာရေဗျ၊ အိုမန်၊ ယူအေအီးနှင့် ကာတာ နိုင်ငံတို့ ပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ

အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှု အာရှဖွံ့ဖြိုးရေးဘဏ် ကြိုဆို

မနီလာ မေ ၇

အာဆီယံ+၃ နိုင်ငံများသည် အရှေ့အာရှ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆီသို့ ဦးတည်သည့် ခြေလှမ်း တစ်ရပ်အဖြစ် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးပိုမိုဆောင်ရွက်ကြရန် အစီအမံများကို ဗုဒ္ဓဟူးနေ့၌ ကြေညာခဲ့သည်ကို အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က ကြာသပတေးနေ့တွင် ကြိုဆိုလိုက်သည်။

ပိုမိုလုပ်ဆောင်

အာဆီယံ+၃မှ ဘဏ္ဍာရေးဝန်ကြီးများသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ပိုမိုလုပ်ဆောင်ရန် ယင်းတို့၏ ဆောင်ရွက်မည့် အစီအမံများကို ကြေညာခဲ့ပြီးနောက် အေဒီဘီ၏ ဆက်လက်ကူညီနေမှုများကို တန်ဖိုးထားကြောင်း ဗုဒ္ဓဟူးနေ့ကထုတ်ဖော် ပြောကြားလိုက်သည်။

အာဆီယံ+၃ ဝန်ကြီးများသည် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံဖိုးရှိ သဘောတူညီချက် ၁၆ခုကို ဆောင်ရွက်သော ချင်းမိုင်ပဏာမခြေလှမ်းကို အားသစ်လောင်းရန် သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

နယူးဇီလန်၌အမျိုးသမီးများ ကလေးမွေးမှုများလာ

ဝေါလင်တန် မေ ၆

နယူးဇီလန်နိုင်ငံရှိ ကလေးမွေးဖွားသောအမျိုးသမီးများ၏အသက်သည် ယခုအခါပျမ်းမျှ ၃၀ နှစ်ရှိလာပြီဖြစ်ရာ လွန်ခဲ့သည် ၁၉၉၅ ခုနှစ်ကထက် အသက်နှစ်နှစ်ကြီးလာခဲ့ကြောင်း နယူးဇီလန်နိုင်ငံစာရင်းအင်းဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

နယူးဇီလန်ရှိ အမျိုးသမီး ၁၀၀၀ လျှင် ကလေးမွေးဖွားသည့် အမျိုးသမီး ၁၁၉ ဦးမှာ အသက် ၃၀ မှ ၃၅ နှစ် အရွယ် အမျိုးသမီးများဖြစ်ရာ လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်ကထက် ၁၃ ဦး ပိုမိုလာခဲ့ကြောင်းသိရသည်။

အခြား တစ်ဖက်တွင်လည်း အသက် ၃၀ နှစ်အောက် အမျိုးသမီးများ၏ မွေးဖွားမှုနှုန်းမှာ လျော့ကျခဲ့ကြောင်း အဆိုပါစာရင်းအင်းဌာန၏ ကိန်းဂဏန်းများက ဖော်ပြနေကြောင်း သိရသည်။နယူးဇီလန်အမျိုးသမီးများ၏ ကလေးမွေးဖွားနှုန်းမှာ တစ်ဦးလျှင် ပျမ်းမျှ ၁ ဒသမ ၉၉ ဦးမွေးဖွားကြောင်း ပထမဆုံးကလေးမွေးဖွားသည့် အမျိုးသမီးများ၏အသက်မှာ ပျမ်းမျှ ၂၈ နှစ်ဖြစ်ကြောင်းလည်း သိရသည်။

နယူးဇီလန်နိုင်ငံတွင် ယခု၂၀၀၅ ခုနှစ် မတ်လက ကလေးမွေးဖွားမှု ၅၇၆၃၀ ရှိခဲ့ကြောင်း မှတ်တမ်းများက ဖော်ပြခဲ့သည်ဟုလည်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရှေးဟောင်းကြေးမားတစ်ချောင်း တရုတ်နိုင်ငံဟေနန်ပြည်နယ်၌ တူးဖော်တွေ့ရှိ

ကျန်းကျိုး မေ ၈

တရုတ်နိုင်ငံအလယ်ပိုင်း ဟေနန်ပြည်နယ်၏မြို့တော် အန်ယန်တွင် မကြာသေးမီက အသစ်စက်စက် ရှာဖွေတွေ့ရှိခဲ့သော နှစ်ဘီးတပ်စစ်ရထားများ နှင့် မြင်းများတွင်ကြေးဖြင့်လုပ်ထားသော ဓားတိုတစ်ချောင်းလည်း ပါဝင်ကြောင်း ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။

ပြောကြား

နှစ်ဖက်သွားပါရှိသော ယင်းဓားသည် ၃၀မှ၃၅စင်တီမီတာထိရှည်ကြောင်း၊ လက်ကိုင်ကိုယ်ထည်တို့မှာ အထင်အရှားရှိကြောင်း ဟေနန်ပြည် နယ်ယဉ်ကျေးမှု အမွေအနှစ် အုပ်ချုပ်ရေးဌာနမှ ၎င်းအရာရှိက ပြောကြားသည်။

တူးဖော်တွေ့ရှိ

ထို့ပြင် အဆိုပါဓား တွေ့ရှိရသော နေရာမှာပင် ကြေးဖြင့်လုပ်ထားသော မြားဦးအခု ၃၀ကိုလည်း ရှေးဟောင်းပစ္စည်းသုတေသနပညာရှင်များ တူးဖော် တွေ့ရှိခဲ့ကြသည်ဟု ဆိုသည်။

ပူးတွဲဆောင်ရွက်

မကြာမီကပြုလုပ်ခဲ့သည့် တူးဖော်မှုကို တရုတ်လူမှုသိပ္ပံ လက်အောက်ရှိ ရှေးဟောင်းပစ္စည်း သုတေသနဌာနနှင့် အန်ယန်ယဉ်ကျေးမှု အမွေအနှစ် လုပ်ငန်းအဖွဲ့တို့ ယခုနှစ်ဇန်နဝါရီလမှ ဧပြီလအထိ ပူးတွဲဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

စီမံကိန်းလုပ်ငန်းကြီးများ တစ်ရက်စောပြီးသည်နှင့်ပြည်သူအတွက်တစ်ရက်ပိုအကျိုးရှိ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်

ပြည်တွင်းပြည်ပဈေးကွက်ရှိ ရော်ဘာကို မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုး တိုးချဲ့စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကျိုက်ထိုမြို့နယ် ကင်မွန်းစခန်း ကျေးရွာအနီးရှိ ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းတွင်မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှထွက်ခွာလာရာ နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်းနှင့်မွန်ပြည်နယ် နယ်စပ် စစ်တောင်းတံတားသို့ ရောက်ရှိပြီး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ နှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

စစ်တောင်းတံတား(မုပ္ပလင်)

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်တာဝန်ရှိသူများလိုက်ပါလျက် စစ်တောင်းတံတားမှ ဆက်လက်ထွက်ခွာ၍ ကျိုက်ထိုမြို့နယ်စစ်တောင်းစံပြကျေးရွာအနီး စစ်တောင်းတံတား (မုပ္ပလင်) ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသော စစ်တောင်းတံတား(မုပ္ပလင်)ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းခန်းမ၌အင်ဂျင်နီယာမှူး (မြို့ပြ) ဦးကျော်လင်းက ပင်မတံတားရေလယ်တိုင်(P.5)ဘိုးပိုင်တူးဖော်နေမှု၊ ချဉ်းကပ်တံတား(M2)၏တိုင်(Shaft)ကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ပင်မတံတားနှင့်တံတားတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းနှင့်အညီ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စီမံကိန်းလုပ်ငန်းကြီးများ တစ်ရက်စောပြီးသည်နှင့် ပြည်သူအတွက် တစ်ရက်ပိုအကျိုးရှိမည်ဖြစ်၍ စီမံကိန်းပြီးစီးရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်ကြပြီး အလေအလွင့်နည်းပါးစွာဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် ကင်မွန်းစခန်း ကျေးရွာအနီး အကျယ်ပေ ၅၀၊ အရှည် ၂၂ မိုင်ရှိ ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာသို့ ရောက်ရှိကြပြီး အရှည် ၂၆ မိုင်ရှိ ဒေါက်ရပ်-ကြာပန်းလမ်း ဂဝံကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် သထုံခရိုင် ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာအနီးရှိ မက်စ်မြန်မာကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသော ရွှေရောင်ပြကွင်း၌ ရော်ဘာဧက ၅၀၀၀ စိုက်ပျိုးရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မက်စ်မြန်မာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်က ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုက ပြည်တွင်းပြည်ပဈေးကွက်ရှိသည့် ရော်ဘာကို မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်းဖြင့် မှာကြားကာ မက်စ်မြန်မာကုမ္ပဏီလီမိတက်က စိုက်ပျိုးထားသည့် ရော်ဘာ စိုက်ခင်းများ၊ ကုန်ထုတ်လမ်းနှင့် စိုက်ကွက်များကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

မက်စ်မြန်မာကုမ္ပဏီလီမိတက်၏ ရော်ဘာစိုက်ပျိုးရေးစီမံကိန်းအနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဧက၁၀၀၀၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက၂၀၀၀နှင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက၂၀၀၀ စုစုပေါင်းဧက၅၀၀၀ကို သုံးနှစ်အတွင်း အောင်မြင်ပြီးစီးအောင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဖြစ်သော ဒုံသမိတံတားသို့ရောက်ရှိကြရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ဇော်နှင့် နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ လှိုင်းဘွဲ့မြို့ ခုတင်(၅၀) ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေး လုပ်ငန်း ရှင်းလင်းဆောင်၌ လက်ထောက် ဆရာဝန် ဒေါက်တာကျော်ကျော်စိုးက လှိုင်းဘွဲ့ မြို့နယ်၏ ကျန်းမာရေးဆိုင်ရာ အချက် အလက်များနှင့် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံ တည်ဆောက်ရန် ဖြစ်ပေါ်လာပုံများကိုလည်းကောင်း၊ ဟုမ်းတောက် ကုမ္ပဏီ တာဝန်ခံ ဦးမိုးကျော်က လှိုင်းဘွဲ့မြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ ဆေးရုံတည်ဆောက် ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက် များကိုလည်းကောင်း ရှင်းလင်းတင် ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံအတွက် ကျန်းမာရေး ဝန်ကြီးဌာနက ထောက်ပံ့ပေးပို့သော ငွေကျပ်၁၅သိန်းတန်ဖိုးရှိ အောက်ဆီဂျင်ပေးစက်(Air Sep)တစ်လုံးကို ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာလှဖေကပေးအပ်ရာ လက်ထောက်ဆရာဝန် ဒေါက်တာကျော်ကျော်စိုးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့်အဖွဲ့ဝင်များသည် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကျောင်းဆောက်လုပ်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တက်ကြွစွာ ပူးပေါင်း

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များသည် ညနေ၃နာရီခွဲတွင် လှိုင်းဘွဲ့မြို့ရှိ နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ တပ်မတော်သားများနှင့်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး၊ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး တပ်မတော်သားများနှင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် တပ်နယ်ခန်းမသို့ ရောက်ရှိကြပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်သက်သာချောင်ချိရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကိုလည်းတစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရေး မှာကြားပြီး တပ်မတော်သားများနှင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

မေ ၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ် (၃)ရပ်ကွက် ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ကျင်းပရာ ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဌွေးနှင့် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဦးမျိုးလွင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်လေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များကို ယခုလူငယ်နှီးနှောဖလှယ်ပွဲကြီးက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆို

* *ကျော်ဖုံးမှ*

လူငယ်နှီးနှောဖလှယ်ပွဲတွင် သဘာပတိအဖြစ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ်နှင့်တိုင်း အသင်း ၁၇ သင်းမှ အတွင်းရေးမှူး ၁၇ ဦးတို့က ဆောင်ရွက်ကြသည်။

သဘာပတိအဖွဲ့နေရာယူ

အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမှ မကေခိုင်စိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မမြတ်နိုးဝေတို့က ဆောင်ရွက်ကြ၍ အခမ်းအနားမှူးက လူငယ်နှီးနှောဖလှယ်ပွဲအစီအစဉ်များကို ဖတ်ကြားကြေညာပြီး နှီးနှောဖလှယ်ပွဲစတင်ကြောင်း ကြေညာရာ သဘာပတိနှင့် အဖွဲ့ဝင်များက နေရာယူကြသည်။

ရှေးဦးစွာ လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမျိုးသားရေးကိစ္စ

ထို့နောက် သဘာပတိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ ပုဂံယဉ်ကျေးမှုရှေးဟောင်းနယ်မြေ ဘူမိနက်သန်နေရာ၌ ကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲတွင် မိမိတို့ချစ်မြတ်နိုးသည့် အမိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုများကို အားသစ်လောင်းပေးမည့် **"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"** ဦးတည်ချက်ဖြင့် အဆိုတင်သွင်း ထောက်ခံဆွေးနွေးကြခြင်းသည် အလွန်လိုလားအားပေးသင့်သော အမျိုးသားရေးအကျိုးပြု လှုပ်ရှားမှုတစ်ရပ် ဖြစ်ပါကြောင်း၊ အလားတူပင် ပြည်ထောင်စုအပေါ် ကျရောက်လာသည့် ပြည်ထောင်စုပြိုကွဲရေး အန္တရာယ်နှင့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချကြောင်း တင်ပြဆွေးနွေးထောက်ခံခြင်းသည်လည်း အရေးကြီးသည့် အမျိုးသားရေးကိစ္စ ဖြစ်ပါကြောင်း။

လူငယ်ဆိုသည်မှာ နုပျိုလန်းဆန်းပြီး ခွန်အားပြည့်ဖြိုးသလို တက်ကြွဖျတ်လတ်ပြီး ရဲဝံ့ပြတ်သားပါကြောင်း၊ လူငယ်များသည် နောက်တစ်ခေတ်ကို ဖန်တီးမည့် ဗိသုကာများလည်း ဖြစ်ပါကြောင်း၊ အနာဂတ်ကို ဖန်တီးမည့် အင်အားစုများဖြစ်ခြင်းကြောင့် မှန်ကန်သည့် အတွေးအခေါ် အယူအဆနှင့် တက်ကြွအားမာန်ပါသည့် လက်တွေ့ အကောင်အထည်ဖော်နိုင်စွမ်းရှိသူများ ဖြစ်ပါကြောင်း။

အချိန်ကောင်းဖြစ်

ယနေ့သည် နိုင်ငံတော်ကို သစ်လွင်မြင့်မားသည့် အခြေအနေသစ်တစ်ရပ်ဖြစ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချီတက်ရန် ကြိုးပမ်းအားထုတ်ဆဲကာလဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး နိုင်ငံတော်၏ နိုင်ငံရေးမျက်နှာစာ၊ စီးပွားရေးမျက်နှာစာ၊ လူမှုရေးမျက်နှာစာအသီးသီး၌ အပြုသဘောဆောင်သည့် အောင်မြင်မှုများ ဆင့်ကာဆင့်ကာ တိုးတက်ရရှိလာအောင် ရှေးရှုစည်းရုံးဆောင်ရွက်ကြရမည့် အချိန်ကောင်း၊ အခါကောင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲကို အကြောင်းပြုပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ရာနှုန်းပြည့်အောင်မြင်မှာ ယုံကြည်ပါကြောင်းနှင့် လက်တစ်ကမ်း၌ ရောက်ရှိနေသည့် ပန်းတိုင်ကို အရောက်လက်တွဲချီတက်ကြပါစို့ဟု တိုက်တွန်းလိုက်ပါကြောင်း။

အေးချမ်းသာယာမှုရရှိ

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေအရပ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျစွာ အကျဉ်းရုံး သုံးသပ်ကြည့်မည်ဆိုလျှင် တည်ငြိမ်အေးချမ်းရေးအခြေအနေသည် ဘယ်ခေတ်၊ ဘယ်အခါကနှင့်မှ မတူအောင် ထူးထူးခြားခြားတိုးတက်ရရှိနေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်၌ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် ပြည်တွင်းဆူပူသောင်းကျန်းမှု အန္တရာယ်သည်လည်း တပ်မတော်အစိုးရ၏သဘောထား ဖြူစင်မြင့်မြတ်မှုကြောင့် ဖြစ်ပေါ်လာသည့် အမျိုးသားပြန်လည်စည်းလုံးရေးမူအရ နှစ်ဦးနှစ်ဖက် ယုံကြည်မှုတည်ဆောက်လာနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ လုံခြုံမှု၊ အေးချမ်းသာယာမှုများ ရရှိခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဘဝသည် ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက် အရေးအခင်းနှင့်အတူ ချွတ်ခြုံကျလာခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်အစိုးရ၏ တိုင်းရင်းသားပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးအခြေခံအဆောက်အအုံများကို အခြေအနေပေးသည့် နေရာဒေသအနှံ့အပြား၌ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှု၏ အခြေခံကျသည့် လယ်ယာစိုက်ပျိုးရေးတိုးတက်စေရန် ဆည်၊ တာတမံအသစ် ၁၇၃ ခုကို တည်ဆောက်ပေးလိုက်နိုင်ခြင်းကြောင့် လယ်ဧက နှစ်သန်းသုံးသိန်းခန့် တိုးတက်လာခဲ့ပါကြောင်း၊ ထို့ကြောင့် စပါး တစ်နှစ်ကို တင်းသန်းတစ်ထောင်ကျော် ထွက်ရှိလာခဲ့ပြီ ဖြစ်ပါကြောင်း။

ဆည်၊ တာတမံများနည်းတူ စိုက်ပျိုးရေးကို အကျိုးပြုသည့် မြစ်ရေတင်စီမံကိန်းပေါင်း ၂၇၁ ခုကိုလည်း တည်ဆောက်ရေပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်ရန်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်လိုသည့်အတွက် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၉၆ ခု တည်ဆောက်ပြီးစီး၍ အသုံးပြုနေကြသလို တံတားကြီး ၄၁ စင်းကိုလည်း တည်ဆောက်ဆဲ ဖြစ်ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲအခမ်းအနားသို့ ပြည်နယ်၊ တိုင်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

သိသိသာသာတိုးတက်

နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် ပညာရေးကဏ္ဍကို ကြည့်လျှင်လည်း ထူးထူးခြားခြား တိုးတက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဆိုလျှင် အခြေခံပညာ (မူ၊ လယ်၊ ထက်)ကျောင်းပေါင်း ၄၀၅၂၁ အထိ ရှိပြီဖြစ်သကဲ့သို့ အဆင့်မြင့်ပညာရေးအတွက် တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်း ၁၅၆ ကျောင်းအထိ နေရာအနှံ့အပြား၌ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ပညာသင်ကြားမှု အဆင်ပြေနေပြီဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ယခင်က ဆေးရုံ ၆၃၁ ရုံသာရှိရာက ယခုဆေးရုံ ၈၁၉ ရုံအထိ တိုးတက်ဖြစ်ပေါ်လာပြီး ပြည်သူများ၏ မျှော်လင့်နိုင်သည့် သက်တမ်းသည်လည်း သိသိသာသာတိုးတက်ခဲ့ပြီ ဖြစ်ပါကြောင်း။

နိုင်ငံရေးအရကြည့်လျှင်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုးစုံ၊ လူတန်းစားစုံ၊ အလွှာစုံအင်အား ၁၀၈၀ ကျော်ဖြင့် ညီညီညွတ်ညွတ် အခြေခံမူများ၊ အသေးစိတ်မူများ ချမှတ်အောင်မြင်နေပြီ ဖြစ်ပါကြောင်း။

ယခုအခါတွင် ပြည်ထောင်စုပြိုကွဲရေးကို ကြံစည်လုပ်ကိုင်နေသည့် အမျိုးသားရေးသစ္စာဖောက်၊ အဖျက်သမားအချို့သည် အဖျက်အမှောင့်လုပ်ရပ်များကို ကိုလိုနီနယ်ချဲ့အားကိုးဖြင့် သွေးရူးသွေးတန်း ကျူးလွန်နေကြပါကြောင်း။

အပြုနှင့်အဖျက်အားပြိုင်

တစ်ဖက်တွင်လည်း ပြည်ထောင်စုစိတ်ဓာတ်ရှိကြသည့်၊ ရိုးသားသည့် တိုင်းရင်းသားပြည်သူ သန်းပေါင်းများစွာနှင့်အတူ မိမိတို့အသင်းကြီးကဲ့သို့ တိုင်းကျိုးပြည်ပြု အဖွဲ့အစည်းများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံဖြစ်အောင် ကြိုးစားနေကြချိန်ဖြစ်ကြောင်း၊ အပြုအင်အားစုကြီးနှင့် အဖျက်သမား လက်တစ်ဆုပ်စာ အားပြိုင်နေသည့်ကာလ ဖြစ်ပါကြောင်း။

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများသည် ပြည်သူများ၏ လက်ရုံးကြားတွင် ကြေမွပျက်သုဉ်းသွားမည့် အချိန်သည် နီးကပ်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်နှီးနှောဖလှယ်ပွဲကြီးမှနေ၍ နှိုးဆော် တင်ပြလိုသည်မှာ ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြည်တွင်းပြည်ပအဖျက်သမားများကို ချေမှုန်းဖယ်ရှားသွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ပါကြောင်း။

ကြိုဆိုဂုဏ်ပြု

ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရန် လက်တစ်ကမ်းအလို၌ ယနေ့ လူငယ်သန်းပေါင်းများစွာကို ကိုယ်စားပြုသည့် နှီးနှောဖလှယ်ပွဲကြီးက အမိနိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ရှေးရှုပြီး နှီးနှောဖလှယ်ကြမည်၊ ကတိသစ္စာပြုကြမည်ဆိုသည့်အတွက် များစွာနှစ်ထောင်းအားရရှိသည်နှင့်အတူ လူငယ်နှီးနှောဖလှယ်ပွဲကြီး အောင်မြင်ရေးကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စိုင်းကျော်စိုးလှိုင်က **"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"** ဟူသည့် အဆိုကို တင်သွင်းရာတွင်–

တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော် အစဉ်အဆက် စုစည်းညီညွတ်စွာ ချစ်ချစ်ခင်ခင် အတူတကွနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး" ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတနှင့်တကွ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် အဖိုးတန်သဘာဝသယံဇာတအရင်းအမြစ်များ အထူးကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ မြေဩဇာကောင်းပြီး စိုက်ပျိုးရေ ဖူလုံကြောင်း၊ ဤသို့ စိုက်ပျိုးရေဖူလုံနေခြင်းမှာလည်း သဘာဝမိုးရေ၊ မြစ်ရေ၊ ချောင်းရေအပြင် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေထုတ်ယူသည့် စီမံကိန်းများ၏ အကျိုးကျေးဇူးကြောင့် ဖြစ်ကြောင်း။

စိုက်ပျိုးမြေဧရိယာလည်း ပြည့်ဝဖူလုံကြောင်း၊ အခြားသော သဘာဝသယံဇာတအရင်းအမြစ်များလည်း အလွန်ကြွယ်ဝကြောင်း၊ သို့သော် နယ်ချဲ့တို့က နှစ်တစ်ရာကျော်သွေးစုပ်ခဲ့ပြီး သောင်းကျန်းမှုဒဏ်ဖိစီးသည်ကို နှစ်ငါးဆယ်ခန့် ခံခဲ့ရခြင်းကြောင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျကျန်ခဲ့ရကြောင်း၊ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူပြီးနောက်ပိုင်းကျမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နေ့မအားညမနား တည်ဆောက်ယူခဲ့ရခြင်း ဖြစ်ကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေမြေသယံဇာတနှင့် လုပ်အားစွမ်းအားစုများ ပြည့်စုံရမည့်အပြင် စိတ်သွားတိုင်းကိုယ်ပါနိုင်ရန် တည်ငြိမ်သော၊ ငြိမ်းချမ်းသော ပတ်ဝန်းကျင်ရှိရမည်ဖြစ်ကြောင်း၊ ယခုအခါ တပ်မတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်လာကြသည့်အပြင် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးကို အစိုးရနှင့် လက်တွဲဆောင်ရွက်နေကြပြီဖြစ်၍ ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်ကောင်းကို ရရှိနေပြီဖြစ်ကြောင်း။

မကြာမီရက်ပိုင်းက ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)မှ ဦးကန်နဦးဆောင်သည့် တပ်မဟာ(၁၁)အဖွဲ့နှင့် ဦးအိုက်မုန်း ဦးဆောင်သည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေး စိုက်ထူပွဲများ ကျင်းပခဲ့ကြသည့်အတွက် ငြိမ်းချမ်းသော ပတ်ဝန်းကျင်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားဖြည့်ပြီး ဆောင်ရွက်လာနိုင်ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များကို ယခု လူငယ်နှီးနှောဖလှယ်ပွဲကြီးက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုလိုက်ပါကြောင်း၊ ယင်းဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ အထူးဝမ်းမြောက်ကြည်နူးမိကြောင်းလည်း ပြောကြားလိုပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုတွင် 'ခေတ်မီ'ဆိုသည့် နာမဝိသေသနပါနေသည်ကို တွေ့ကြမှာဖြစ်ကြောင်း၊ ခေတ်မီနည်းပညာ၊ နည်းစနစ်များနှင့် ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးမှုမျိုးကို မိမိတို့ တည်ဆောက်ရယူကြရမှာဖြစ်ကြောင်း၊ ယနေ့ခေတ် နည်းပညာသည် ကမ္ဘာနှင့်အဝန်း အရှိန်အဟုန်ဖြင့် တိုးတက်လာနေခြင်းဖြစ်၍ မြန်မာနိုင်ငံကိုလည်း ခေတ်မီနိုင်ငံတော်ဖြစ်ရန် ခေတ်မီနည်းပညာများ ပျိုးထောင်ဖြည့်ဆည်းရယူသွားရမည် ဖြစ်ကြောင်း။

ယင်းခေတ်မီနည်းပညာများကို ဖော်ထုတ်စေစားအသုံးပြုနိုင်ရန် အခြေခံပညာအဆင့်နှင့် တက္ကသိုလ်၊ ကောလိပ် အဆင့်မြင့်ပညာနယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးနေသကဲ့သို့ ပြင်ပလောကတွင်လည်း သိပ္ပံနှင့် နည်းပညာရှင်များ တိုးပွားများပြားလာစေရန် အားထုတ်ကြိုးပမ်းနေကြသည်ကို တွေ့ရကြောင်း၊ ဤသို့ လူ့စွမ်းအားအရင်းအမြစ်များ ဒီလိုင်းပမာ မြင့်မားတိုးတက်လာရန် မိမိတို့ လူငယ်ထုအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စဝ်ခမ်ဖနှင့်အပေါင်းပါ အမျိုးသားသစ္စာဖောက်တစ်စုက ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် ထူထောင်ကြောင်းကြေညာခဲ့ တိုင်းရင်းသား လူငယ်ထုတစ်ရပ်လုံးက ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် ကြေညာခြင်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ ပြည်နယ်၊တိုင်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုး တစ်ရာကျော်ပါဝင်သည့် လူဦးရေစုစုပေါင်း ၅၄ သန်းကျော်ရှိသည့်အနက် လူငယ်လူရွယ်အင်အား ၂၄ သန်းကျော် ရှိနေကြောင်း၊ ဤသည်မှာ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ထမ်းတင်နိုင်သည့် ခွန်အားကြီးတစ်ရပ်ဖြစ်ကြောင်း၊ လူငယ်များ၏ ပင်ကိုသဘာဝ အရည်အချင်းများကိုကြည့်လျှင် နုပျိုခြင်း၊ ဖျတ်လတ်ခြင်း၊ သွက်လက်ထက်မြက်ခြင်း၊ တက်ကြွခြင်း၊ ခွန်အားပြည့်ဖြိုးခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်း၊ စွန့်လွှတ်စွန့်စား ဆောင်ရွက်တတ်ခြင်း၊ အများအကျိုးသယ်ပိုးလိုခြင်းတို့ ပါဝင်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ ဤသို့ ကြံ့ခိုင်သန်စွမ်း ဖျတ်လတ်တက်ကြွသည့် လူငယ်ထု၏အားမာန်ကို ခေတ်မီအဆင့်မြင့် အသိပညာ၊ အတတ်ပညာများနှင့် ပေါင်းစပ်လိုက်လျှင် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးရန် ပစ္စုပ္ပန်နှင့် အနာဂတ်တွင် အားကိုးလောက်သည့် အမျိုးသားရေးစွမ်းအားစုကြီး ဖြစ်လာမှာ အသေအချာပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်တွင် အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများ ရရှိနေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အရင်းအမြစ်များလည်း ပြည့်စုံဖူလုံနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များသည် ဖွံ့ဖြိုးတိုးတက်မှုကို ခေတ်မီစေမည့် စွမ်းရည်မြင့်မား၊ တက်ကြွဖျတ်လတ်၊ ခွန်အားပြည့်ဖြိုးသည့် စွမ်းအားရှင်၊ ပညာရှင်လူငယ်များ အလုံအလောက်ဖြစ်လာ၊ ရှိလာစေရန် ကြိုးပမ်းရင်း တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်လက်တွဲပြီး အားထုတ်လုပ်ဆောင်သွားကြရုံသာ ရှိပါတော့ကြောင်း။

ယနေ့ နိုင်ငံတော်၏ တိုးတက်မှုကိုကြည့်လျှင်ဘက်ပေါင်းစုံတွင် အပေါင်းလက္ခဏာ တဝေဝေဖြင့် တွေ့ရမည်ဖြစ်သကဲ့သို့ ပီတိဖြစ်ကြရမှာလည်း ဖြစ်ကြောင်း၊ စာရင်းဇယားဖြင့် ပြည့်ပြည့်စုံစုံတင်ပြရန် အချိန်မလုံလောက်သည့်အတွက် ခြုံငုံတင်ပြရလျှင် မြန်မာနိုင်ငံ၏ အမျိုးသားကုန်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)သည် ၁၉၈၈ခုနှစ်က ကျပ်သန်းပေါင်း ၇၆၂၄၃ သာရှိခဲ့သော်လည်း ယခုအခါ ကျပ်သန်းပေါင်း ၈၉၉၈၉၀၇ ရှိလာပြီဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေသည် ၁၉၈၈ခုနှစ်တွင် ကျပ် ၁၉၄၀ သာရှိခဲ့ပြီး ယခုအခါ ၁၆၅၇၂၉ ကျပ်အထိ ရှိလာပြီဖြစ်ကြောင်း။

အဖျက်အမှောင့် အနှောင့်အယှက် မျိုးစုံကြားတွင် အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာခဲ့ကြောင်း၊ အမျိုးသားစီးပွားရေး မြင့်လာလေ ငွေဖောင်းပွမှုနှုန်းကျသွားလေ ဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်က ငွေကြေးဖောင်းပွမှုနှုန်း ၂၂ ဒသမ ၄၉ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ယနေ့ ငွေကြေးဖောင်းပွမှုနှုန်းသည် ၄ ဒသမ ၃၃ ရာခိုင်နှုန်းသာ ရှိပါတော့ကြောင်း၊ မိမိတို့၏ ရှေ့ဆက်လက် အကောင်အထည်ဖော် ကြိုးပမ်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပြည့်လျှမ်းလျက်ရှိနေကြောင်း၊ ဤသည်မှာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ညီညီညွတ်ညွတ်ဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းခဲ့ကြသည့် အကျိုးရလဒ်ကောင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံကို အေးချမ်းသာယာစေရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ရင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်အောင်လည်း တစ်ဆက်တည်း ကြိုးပမ်းဖော်ဆောင်နေခြင်း ဖြစ်ကြောင်း၊ **စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီသာလျှင် စစ်မှန်သည့် ဒီမိုကရေစီဖြစ်သကဲ့သို့ အမျိုးသားရေးတာဝန်ကြီး သုံးရပ်ဖြစ်သည့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဖြည့်စွမ်းပေးနိုင်မည့် နိုင်ငံရေးစွမ်းအားလည်း ဖြစ်ကြောင်း။**

ထို့ကြောင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ရပ်လုံးပေါ်လာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည် ဖော်နေပြီဖြစ်ကြောင်း၊ ပထမဆုံးနှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းသား လူမျိုးများ၊ အလုပ်သမားနှင့် တောင်သူလယ်သမားများ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော် စုဝေးဆွေးနွေးတိုင်ပင်ပြီး အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နေပြီဖြစ်ကြောင်း။

ယခုအထိ နိုင်ငံတော်အခြေခံမူ ၁၀၄ ချက်၊ နိုင်ငံတော် တည်ဆောက်ဖွဲ့စည်းပုံအခန်း၊ နိုင်ငံတော်အကြီးအကဲအခန်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအခန်းများအတွက် ဖွဲ့စည်းမှုအပိုင်း၊ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအတွက် အသေးစိတ်အခြေခံရမည့်မူများကိုလည်း ကိုယ်စားလှယ်များက ညှိနှိုင်းတင်ပြထားကြပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် အမျိုးသားညီလာခံသည် အတော်ကြီးကို ခရီးရောက်နေပြီဖြစ်ကြောင်း၊ ကျန်သည့် ရှေ့လုပ်ငန်းစဉ်များလည်း အစီအစဉ်ကျကျ အောင်အောင်မြင်မြင် အကောင်အထည် ပေါ်လာပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဦးတည်ရည်မှန်းထားသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဧကန်မုချ ပေါ်ထွန်းလာတော့မှာ ဖြစ်ကြောင်း။

စိန်ကောင်း ကျောက်ကောင်းရောင်းဝယ်ရာတွင် ဆေးရိုးသည်က ကန့်လန့်ကန့်လန့်ဆိုသည့် စကားကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းအောင်မြင်နေချိန်တွင် သခွတ်ပင်က မီးတကျည်ကျည်လုပ်လာသည့် လုပ်ရပ်ဆိုးများကိုလည်း တွေ့မြင်နေရကြောင်း၊ ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက် အဖျက်သမားများ၏ အနှောင့်အယှက်များကို မိမိတို့ အမြဲလိုလိုကြား မြင်တွေ့သိနေရကြောင်း။

ပြည်ပြေးဘဝခံယူပြီး တိုင်းတစ်ပါးတွင် ခိုကပ်နေသည့် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်နှင့် စတုတ္ထဇနီး မဟာဒေဝီ နန်းဟိန်းခမ်းတို့၏သား စဝ်ခမ်ဖနှင့် အပေါင်းပါ အမျိုးသားသစ္စာဖောက်တစ်စုက ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ် ထူထောင်ကြောင်း၊ စဝ်ခမ်ဖက သူ့ကိုယ်သူ သမ္မတတင်မြှောက်ကြောင်း ယခုဧပြီလ ၁၇ရက်နေ့တွင် နယ်ချဲ့မီဒီယာများက တစ်ဆင့်ကြေညာခဲ့ကြောင်း။

ဤလုပ်ရပ်သည် သမိုင်းမတင်မီ ခေတ်ကတည်းက တစုတစည်းတစ်ပေါင်းတည်း တည်ရှိခဲ့သည့် မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖရိုဖရဲပြိုကွဲစေလိုသည့် နယ်ချဲ့နှင့် နယ်ချဲ့လက်ပါးစေများ ရည်ရွယ်ထားသည့်အတိုင်း ကြံစည်လုပ်ဆောင်လာခြင်းသာ ဖြစ်ကြောင်း၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် ကိုယ်ကျိုးရှာလုပ်ရပ်သာ ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ် အလွန်ကြီးမားသည့် လုပ်ရပ်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသား လူငယ်ထုတစ်ရပ်လုံးက ပြည်ပြေး စဝ်ခမ်ဖနှင့်အဖွဲ့၏ ရှမ်းပြည်နယ် ယာယီအစိုးရ ဖွဲ့စည်းခြင်းနှင့် ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် ကြေညာခြင်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း ကြေညာလိုက်ပါကြောင်း။

မိမိတို့ လူငယ်ထုတစ်ရပ်လုံးအပြင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား ငြိမ်းချမ်းရေး အဖွဲ့အစည်းများကလည်းကောင်း ယင်းအဖွဲ့၏ လုပ်ရပ်ကို တညီတညွတ်တည်း ဆန့်ကျင်ကန့်ကွက် ပြစ်တင်ရှုတ်ချခဲ့ကြပြီးလည်း ဖြစ်ကြောင်း။

မြန်မာသမိုင်းကို ပြန်ကြည့်လျှင် လူမျိုးရေးစိတ်ဓာတ်ကို အခြေခံသည့် အမှားကြောင့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ ပြည်သူများ အတိဒုက္ခ ရောက်ခဲ့ကြရသည့် အတိတ်ဖြစ်စဉ် အများအပြား ရှိခဲ့ပြီးသားဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ယခုလည်း ပြည်ပြေးစော်ဘွားအနွယ်များက ဤအမှားမျိုးကို တစ်ကျော့ပြန်လုပ်လာခြင်း ဖြစ်ကြောင်း။

မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုကြီး မပြိုကွဲရေးဆိုသည့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုသည့် မျိုးချစ်စိတ်ဓာတ်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် မျိုးချစ်စိတ်ဓာတ်များပင် ဖြစ်ကြောင်း၊ ဤမျိုးချစ်စိတ်ဓာတ်ကို သုံးလွန်းတင်ကျစ်လိုက်လျှင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည့် ကမ္ဘာ့ခိုင်ကြိုးကြီးဖြစ်လာမှာ သေချာပါကြောင်း။

မိမိတို့၏ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တင်ပြခဲ့သည့်အတိုင်း တည်ငြိမ်အေးချမ်းသည့် အခြေအနေကောင်းများရရှိနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိပြီးသား တည်ငြိမ်အေးချမ်းမှုကို ပို၍ပို၍ ခိုင်မာကြီးထွားလာစေရန် လူငယ်ထု စွမ်းပကားဖြင့် ကြိုးစားသွားကြရမှာ ဖြစ်ကြောင်း၊ ရရှိပြီးသား တိုးတက်ဖွံ့ဖြိုးမှုတွေကိုလည်း လူငယ်တို့၏ စွမ်းပကားဖြင့် ဆက်လက်မြှင့်တင် တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်ဗိုလ်တစ်မင်း၊ တစ်တောတစ်ဖ ဝါဒဆိုသည့် စိတ်ဓာတ်မျိုးကိုဖယ်ရှားပြီး ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံးဖြင့် တစ်ခုတည်းသောအမိမြေ၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးတန်ဖိုးထားကာ နိုင်ငံတော်ကြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် ဦးတည် တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း၊ လူငယ်များ၏ ထက်မြက်သည့် အရည်အသွေး၊ ထူးခြားသည့် စွမ်းပကား အားမာန်များနှင့် နိုင်ငံတော်ကို တည်ဆောက်ရင်း ကာကွယ်စောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ လူငယ်နှီးနှောဖလှယ်ပွဲကြီးတွင် **"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"** ဆိုသည့် အဆိုကို တိုင်းရင်းသား လူငယ်ထုတစ်ရပ်လုံး၏ ကိုယ်စား လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက် တင်သွင်းလိုက်ပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ကချင်ပြည်နယ်မှ အင်ခွန်မွန်းဂျာက "လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" ဟူသည့် အဆိုကို ထောက်ခံတင်ပြရာတွင် မိမိတို့လူငယ်များသည် အမွေခံပတ်ဝန်းကျင်ကောင်းကိုဆက်ခံပြီး နိုင်ငံတော်၏ အနာဂတ် အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် နိုင်ငံတည်ဆောက်ရေးနှင့် ကာကွယ်ရေးတာဝန်များကို လက်ဆင့်ကမ်းတာဝန်ယူကြရမှာ ဖြစ်ပါကြောင်း၊ မိမိတို့လူငယ်များသည် ပင်ကိုသဘာဝဗီဇအရ ရိုးသားမှု၊ ရဲရင့်မှုတို့နှင့်အတူ အတွေးအခေါ်သစ်၊ အမြင်သစ်များကို လေ့လာရှာဖွေပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားကို တည်ဆောက်ကြရမည် ဆိုသည့် ခံယူချက်များရှိထားပြီး ဖြစ်ကြပါကြောင်း။

ယနေ့ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်နေပြီ ဆိုသည်အထိ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ခေတ်မီတိုးတက်သည့် သတင်းမီဒီယာများက နေ့စဉ် အချိန်နာရီနှင့်အမျှ သိနေကြပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ကမ္ဘာကြီး၏တိုးတက်မှုအရှိန်အဟုန်နှင့်အမီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို လူငယ်များ၏ စွမ်းအားဖြင့် တည်ဆောက်ကြမည်၊ တည်ဆောက်နိုင်ရမည်ဆိုသည်မှာ ယနေ့ လူငယ်များ၏ ယုံကြည်ချက်လည်းဖြစ်ပါကြောင်း၊ ယင်းယုံကြည်ချက်များသည် နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာသည့် ပကတိ အရှိတရားများက လှုံ့ဆော်လာသည့် ယုံကြည်ချက်၊ ခံယူချက်များဟုလည်း ဆိုနိုင်ပါကြောင်း။

အမျိုးသားနိုင်ငံရေး အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လာခဲ့သည့် တပ်မတော်သည် ၁၉၈၈ခုနှစ် မင်းမဲ့စရိုက် ဆူပူသောင်းကျန်းမှုကြောင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီသာလျှင်

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီသာလျှင် စစ်မှန်သည့် ဒီမိုကရေစီဖြစ်သကဲ့သို့ အမျိုးသားရေးတာဝန်ကြီး သုံးရပ်ဖြစ်သည့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဖြည့်စွမ်းပေးနိုင်မည့် နိုင်ငံရေးစွမ်းအားလည်းဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲတွင် သဘာပတိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ပျက်စီးယိုယွင်းလာသည့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ပခုံးပြောင်းလွှဲယူပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံ့ဝမ်းစာဖူလုံပိုလျှံရေးအတွက် ဆန်စပါးစိုက်ဧကတွေကို တိုးချဲ့စိုက်ပျိုးလာခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်တွင် စိုက်ဧက ၂၄ဒသမ၈သန်းရှိရာက ယနေ့ကာလတွင် ဧက ၂၆ဒသမ ၆သန်းအထိ စိုက်ပျိုးနိုင်ခဲ့သလို ဆန်စပါးအထွက်နှုန်းမှာလည်း ၁၉၈၈ခုနှစ်က တစ်နှစ်တွင် ဆန်စပါး တင်းသန်းပေါင်း ၆၅၀ ကျော်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယနေ့ကာလမှာ ဆန်စပါး တင်းသန်း ၁၂၀၀ နီးပါး ထုတ်လုပ်နိုင်သည့်အထိ တိုးတက်လာခဲ့ပါကြောင်း။

သားငါးကဏ္ဍကိုကြည့်လျှင်လည်း ၁၉၈၈ခုနှစ်က သားငါးထုတ်လုပ်မှုသည် တန်ချိန်ပေါင်း ၆၈၁၀၀ သာထုတ်လုပ်နိုင်ခဲ့ရာက ယနေ့ကာလတွင် သားငါးတန်ချိန်ပေါင်း ၁၅၇၉၀၀၀အထိတိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သလို ၁၉၈၈ခုနှစ်တွင် ငါးမွေးကန်ဧက ၆၃၀၀သာ ရှိခဲ့ရာက ယနေ့ကာလတွင် ငါးမွေးကန်ဧကပေါင်း ၁၆၇၆၀၃ ဧကရှိလာပြီး တိုးချဲ့ကန်ဧကပေါင်း ၁၆၁၃၀၃ ဧကရှိလာခဲ့ပြီဖြစ်ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်း

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ တိုးတက်လာသည့် အခြေအနေနှင့်အတူ စက်မှုကဏ္ဍ၌လည်း တိုးတက်လာသည့် အခြေအနေကောင်းများ ရရှိနေပါကြောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံပေါင်း ၂၇၅၁၃ သာရှိခဲ့ရာက ယနေ့ကာလတွင် ၅၂၀၀၃ ရှိလာခဲ့ပါကြောင်း၊ စက်ရုံအလုပ်ရုံများ တိုးချဲ့လာနိုင်သည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာခဲ့ခြင်းဖြစ်၍ ၁၉၈၈ခုနှစ်တွင် စက်ရုံအလုပ်ရုံအလုပ်သမားဦးရေ ၁၈သန်းရှိရာက ယနေ့ကာလတွင် အလုပ်သမားဦးရေ ၂၅သန်းကျော်ရှိလာပြီး လူဦးရေခုနစ်သန်းကျော် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိခဲ့ပါကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဟန်ချက်ညီရန်အတွက် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကို နိုင်ငံတော်အစိုးရက ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေကိုကြည့်လျှင် ၁၉၈၈ခုနှစ်က လျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ်သန်းပေါင်း ၁၅၁၇ ဒသမ ၅၇သန်းသာ ရှိခဲ့ရာက ယနေ့ကာလတွင် ယူနစ်သန်းပေါင်း ၅၄၆၁ဒသမ ၀၈၉သန်းအထိ တိုးတက်ထုတ်လုပ် သုံးစွဲနိုင်လာပါကြောင်း၊ လောလောဆယ်တွင် လျှပ်စစ်ဓာတ်အား စီမံကိန်းများကိုတည်ဆောက်နေဆဲ ဖြစ်သကဲ့သို့ ယင်းစီမံကိန်းအားလုံး ပြီးစီးခဲ့လျှင် လျှပ်စစ်ဓာတ်အား ပိုမို ထုတ်လုပ်ဖြန့်ဖြူးလာနိုင်မှာ ဖြစ်ပါကြောင်း။

အကျိုးစီးပွားအသီးအပွင့်

ယင်းကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများအားလုံး ပြည့်စုံလုနီးပါးဖြစ်အောင် ရည်မှန်းချက်ချမှတ်ပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးစီးပွား အသီးအပွင့်များကိုလည်း ဒေသအနှံ့အပြားက တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်တစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများ ဖြစ်ထွန်းတိုးပွားနေသည်ကို မလိုလားမရှုဆိတ်သည့် အနောက်အုပ်စုနိုင်ငံကြီးများသည် ၎င်းတို့ကြိုးဆွဲရာကမည့်၊ ၎င်းတို့လိုလားသည့် တစ်ပါတီ တစ်သင်းတစ်ဖွဲ့နှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒနှင့်အာဃာတကိုအကြောင်းပြု ဘက်လိုက်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့်ကုန်သွယ်ရေး အရေးယူပိတ်ဆို့မှုများကို တစ်ဖက်သတ် လုပ်ဆောင်နေပါကြောင်း။

တစ်ဖက်စောင်းနင်းဆောင်ရွက်

ယင်းကဲ့သို့ နိုင်ငံကြီးများ၏ တစ်ဖက်စောင်းနင်းဆောင်ရွက်မှုကြောင့် ၁၉၈၈ခုနှစ်မှစပြီး ယနေ့ကာလအထိ မြန်မာနိုင်ငံ၌ အထည်ချုပ်စက်ရုံ ၁၃၂ရုံ၊ အခြားစက်ရုံ ၁၉ရုံ၊ စုစုပေါင်း၁၅၁ရုံ ပိတ်ပစ်ခဲ့ရပါကြောင်း။

ထို့ကြောင့် အဆိုပါစက်ရုံအလုပ်ရုံနှင့် ကုမ္ပဏီတွေမှာ အလုပ်လုပ်နေကြသည့် မြန်မာတိုင်းရင်းသား ပြည်သူပြည်သား အလုပ်သမား ၆၄၀၀၀ ကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါကြောင်း၊ ယင်းအလုပ်သမားများကို မှီခိုနေရသည့် မိသားစုထောင်ပေါင်းများစွာလည်း ထိခိုက်နစ်နာခဲ့ရပါကြောင်း၊ စက်ရုံအလုပ်ရုံများ ပိတ်ပစ်ခဲ့ရသည့်အတွက် အဆိုပါ အလုပ်သမားများနှင့် ဆက်စပ်ဖြစ်ပေါ်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်ခန်းငှားရမ်းမှုလုပ်ငန်းများ၊ ဘော်ဒါဆောင်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဒေသန္တရသယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း အားလုံးဆက်စပ်ပြီး ထိခိုက်နစ်နာကုန်ပါကြောင်း။

အနောက်နိုင်ငံကြီးအချို့၏ လူသားချင်းစာနာမှုမထားဘဲ ကိုယ်လိုရာကိုယ်ဆွဲပြီး တစ်ဖက်သတ်ပိတ်ပင်ဆောင်ရွက်မှုကြောင့် ထိခိုက်နစ်နာခဲ့ကြရသည့် မြန်မာအလုပ်သမား မိသားစုများထဲတွင် မိမိတို့ လူငယ်လူရွယ်များလည်း အများအပြား ထိခိုက်နစ်နာခဲ့ကြရပါကြောင်း၊ မိမိတို့လူငယ် အချို့သည် နိုင်ငံတော်က ပညာရေးနှင့်အလှမ်းမဝေးရအောင် ဖွင့်လှစ်ပေးထားသည့် အဝေးသင်တက္ကသိုလ်၌ ပညာဆည်းပူးရင်း တစ်ဖက်ကလည်း မိသားစုဝင်ငွေရအောင် စက်ရုံအလုပ်ရုံများ၊ ကုမ္ပဏီလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နေကြခြင်းဖြစ်ပါကြောင်း။

လူနေမှုအဆင့်အတန်း

ယခုကဲ့သို့ စက်ရုံအလုပ်ရုံများ ပိတ်ပစ်ခဲ့ရသည့်အတွက် မိသားစုကိုမှီခိုနေရသည့် လူငယ်များ၊ ကိုယ့်အားကိုယ်ကိုး အားထုတ်ကြိုးပမ်းနေသည့် လူငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး အဘက်ဘက်က ထိခိုက်နစ်နာခဲ့ကြရပါကြောင်း၊ ယနေ့နိုင်ငံတော်က စီးပွားရေးအခြေခံအဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ပြည့်စုံလုနီးပါးဖြစ်အောင် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်း တည်ဆောက်ပေးနေပါကြောင်း၊ ဤသည်မှာ မိမိတို့ လူငယ်လူရွယ်များအပါအဝင် ပြည်သူတစ်ရပ်လုံး လူနေမှု အဆင့်အတန်းမြင့်မားပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲတွင် အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမှ မကေခိုင်စိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မမြတ်နိုးဝေတို့က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သို့ရာတွင် အနောက်နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့ အရေးယူနေမှုများမှာ မိမိတို့ လူငယ်ထုအပါအဝင် ပြည်သူလူထုကြီး မဖွံ့ဖြိုး မတိုးတက်အောင် လောင်းရိပ်မိုးပြီး အညွန့်ချိုးနေခြင်းဖြစ်ကြောင်း အထင်အရှားတွေ့ရှိရမှာဖြစ်ပါကြောင်း။

ယခုကဲ့သို့ ၅၄သန်းကျော်သော တိုင်းရင်းသားပြည်သူများနှင့် မိမိတို့ လူငယ်လူရွယ်များ၏ လတ်တလော အကျိုးစီးပွားနှင့် အနာဂတ်ရည်မှန်းချက်ကို မျက်ကွယ်ပြုရုံမက ဖျက်လိုဖျက်ဆီးလုပ်ပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တစ်ပါတီ တစ်သင်းတစ်ဖွဲ့၏တောင်းဆိုလိုလားချက်ကိုသာ တစ်ဖက်စောင်းနင်း ဘက်လိုက်ဆောင်ရွက်နေသည့် အနောက်နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့ အရေးယူမှုသည် သဘာဝမကျသည့် အာဃာတများသာဖြစ်ခြင်းကြောင့် ယခုလူငယ်နှီးနှောဖလှယ်ပွဲက ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ကြေညာအပ်ပါကြောင်း။

တည်ငြိမ်အေးချမ်းသည့်အခြေအနေ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝမြင့်မားလာအောင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လာနိုင်ခြင်းသည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသည့် အခြေအနေ၏ ရလဒ်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းသည့် အခြေအနေရရှိရေးအတွက် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပြီး တစ်ဆက်တည်းမှာပဲ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး လုပ်ငန်းကို စီမံကိန်းချပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဤသည်မှာ ခေတ်အဆက်ဆက်က အစိုးရများမလုပ်နိုင်ခဲ့သည်ကို လုပ်နိုင်ခဲ့ခြင်းဖြစ်သည်ဆိုသည်မှာ မည်သို့မျှ ငြင်းကွယ်၍မရနိုင်သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်း၏ မှတ်တိုင်ကြီးဖြစ်ပါကြောင်း။

တည်ငြိမ်အေးချမ်းသည့်အခြေအနေကို ထာဝရငြိမ်းချမ်းရေးကာလအထိ ရောက်စေရန်အတွက် လက်နက်ကိုင်လမ်းစဉ်များ အပြီးတိုင်ချုပ်ငြိမ်းစေရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားတောင့်တချက်တစ်ရပ်ပင်ဖြစ်ပါကြောင်း။

အဆိုပါ အမျိုးသားရေးတာဝန်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများသည်လည်း အောင်မြင်မှုနှင့်အတူ ခိုင်မာမှု၊ တည်ငြိမ်မှုရှိလာမှာဖြစ်ပါကြောင်း။

ယင်းအခြေအနေကို ခံစားနားလည်ပြီး တိုင်းရင်းသားပြည်သူများ၏ သဘောထားကို သိမြင်လာသည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)မှ ဦးကန်န ဦးစီးသည့် တပ်မဟာ(၁၁)နှင့် ဦးအိုက်မုန်း ခေါင်းဆောင်သည့် (PSLA) ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့တို့သည် ဧပြီလ ၁၂ရက်နှင့် ၂၉ရက်တို့တွင် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်လာခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်လာသည့်အတွက် တိုင်းရင်းသားပြည်သူများက အေးမြရွှင်လန်းကြည်နူးမှုအပြည့်အဝဖြင့် ကြိုဆိုခဲ့ကြပါကြောင်း။

ဤကဲ့သို့ပင် အခြားသော ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်လာသည့် ဦးကန်နနှင့် ဦးအိုက်မုန်းတို့ကဲ့သို့ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်လာကြလိမ့်မည်ဟု မိမိတို့ လူငယ်ထုတစ်ရပ်လုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျှော်လင့်ကြိုဆိုလျက်ရှိနေပါကြောင်း ဤလူငယ်နှီးနှောဖလှယ်ပွဲကနေ ရိုးသားပွင့်လင်းစွာ တင်ပြအပ်ပါကြောင်း။

မိမိတို့နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ၂၀၀၅–၂၀၀၆ခုနှစ် နိုင်ငံတော်၏ ရည်မှန်းချက်အဖြစ် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး၊ စွမ်းအင်တိုးတက်ထုတ်လုပ်ရေး၊ ကုန်သွယ်မှုလုပ်ငန်း တိုးချဲ့ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခြိုးခြံချွေတာရေးဆိုပြီး ချမှတ်ထားသည့်အတိုင်း မိမိတို့ လူငယ်များအနေဖြင့် ကျရာတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ပါ့မည်ဟု ဤနှီးနှောဖလှယ်ပွဲကနေ အလေးအနက် ကတိပြု ကြေညာအပ်ပါကြောင်း။

အလေးအနက်ကတိပြု

တစ်ဆက်တည်းတင်ပြရလျှင် နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း တိုင်းရင်းသားပြည်သူများနှင့်အတူ မိမိတို့ လူငယ်ထုတစ်ရပ်လုံးက တက်ကြွ ရဲရင့်သည့် ဇွဲ၊ သတ္တိ၊ အားမာန်ဖြင့် ထမ်းဆောင်သွားမည်ဆိုသည်ကို အလေးအနက် ကတိပြု ကြေညာအပ်ပါကြောင်း။

မိမိတင်ပြခဲ့သည့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများနှင့်အတူ ထာဝရငြိမ်းချမ်းရေးရယူပြီး မြူတိမ်ကင်းသည့်ကောင်းကင်မှာ ထာဝရ လမင်းကြီး၏ အလင်းရောင်နှင့်အတူ နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံတော်၏ ရည်မှန်းချက်နှင့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို မိမိတို့ လူငယ်ထုတစ်ရပ်လုံးက တိုင်းရင်းသားပြည်သူများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်သွားကြမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုရှင် စိုင်းကျော်စိုးလှိုင် တင်သွင်းသွားသည့် **“လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့”** ဆိုသည့် အဆိုကို ပြည်သူ့ဆန္ဒနှင့်အညီ လေးနက်စွာထောက်ခံလိုက်ရပါကြောင်း ဖြင့် တင်ပြသွားသည်။ *စာမျက်နှာ ၇ ကော်လံ ၁ သို့*

တည်ငြိမ်အေးချမ်းသည့် အခြေအနေကို ထာဝရငြိမ်းချမ်းရေး ကာလအထိ ရောက်စေရန်အတွက် လက်နက်ကိုင်လမ်းစဉ်များ အပြီးတိုင် ချုပ်ငြိမ်းစေရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားတောင့်တချက်တစ်ရပ်ပင် ဖြစ်၊

အမျိုးသားရေး တာဝန်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းများသည်လည်း အောင်မြင်မှုနှင့်အတူ ခိုင်မာမှု၊တည်ငြိမ်မှု ရှိလာမှာဖြစ်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကိုတည်ဆောက်နေချိန် ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အဆိုးမြင်ဝါဒီများကို ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်း

စာမျက်နှာ ၆ မှ

ဆက်လက်၍ ပဲခူးတိုင်းမှ ကျော်ဇင်ဝင်းက **"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"**ဟူသည့်အဆိုကို ထောက်ခံတင်ပြရာတွင်–

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးသည် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင် ဖြစ်ပါကြောင်း၊ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် မိမိတို့အားလုံးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို မမိုတ်မသုန်ခံယူပြီး နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်၌ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဘယ်ခေတ် ဘယ်အခါကနှင့်မျှမတူအောင် အခိုင်အမာတည်ဆောက်နိုင်လျက်ရှိကြောင်း အားလုံးအသိပင်ဖြစ်ပါကြောင်း၊ တပ်မတော်

တင်သွင်း

"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" အဆိုကို ရှမ်းပြည်နယ်(တောင်ပိုင်း) မှ စိုင်းကျော်စိုးလှိုင်က တင်သွင်းစဉ်။
(သတင်းစဉ်)

အစိုးရ၏ နိုင်ငံနှင့် လူမျိုးအကျိုးကို အစဉ် ရှေးရှုသယ်ပိုးနေသည့် မွန်မြတ်သော စေတနာနှင့် မှန်ကန်ဖြောင့်မတ်သော လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ပြည်ထောင်စုကြီးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားတက်သရော လုပ်ဆောင်နေကြပါကြောင်း။

ထို့အပြင် တခြားတိုင်းရင်းသားအဖွဲ့ငယ်များသည်လည်း ငြိမ်းချမ်းရေးကို ရယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်လျက်ရှိနေကြပြီဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့(၁၇)ဖွဲ့ထဲက ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) မှ တပ်မဟာ(၁၁)နှင့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့တို့သည် နယ်ချဲ့ပယောဂကြောင့် တစ်ချိန်က မှားယွင်းစွာထားရှိခဲ့သည့် ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်နှင့် သံသယစိတ်များလုံးဝပပျောက်ကင်းစင်ပြီး မည်သူ၏ တိုက်တွန်းချက်မှမပါဘဲ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြ၍ မိမိတို့လူငယ်ထုတစ်ရပ်လုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုနေကြပါကြောင်း။

ဤသည်မှာ ပြည်ထောင်စုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော မျိုးချစ်စိတ်ဓာတ်များကသာ မှန်ကန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ သမိုင်းစဉ်မှာ မှတ်ကျောက်တင်လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ တစ်နည်းဆိုရလျှင် အမိပြည်ထောင်စုနိုင်ငံတော်ကြီး ထာဝရအဓွန့်ရှည်တည်တံ့ရေးနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အေးအတူပူအမျှ ထာဝစဉ်အတူယှဉ်တွဲဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဦးတည်ပြီး ယနေ့နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့် ဒို့တာဝန်အရေးသုံးပါးသည်သာ **"စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်"**ဖြစ်ကြောင်းကမ္ဗည်းတင် မီးမောင်းထိုးပြလိုက်ခြင်းလည်းဖြစ်ပါကြောင်း။

အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည့် တာဝန်သည် နိုင်ငံသူ နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားသည့် ဝံသာနုရက္ခိတတရားသည် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အသက်ဝိညာဉ်ပင်ဖြစ်သည်ဆိုသည့် သွန်သင်ညွှန်ပြဆုံးမသြဝါဒစကားများနှင့် မိမိတို့လူငယ်ထုသည် မျက်မှောက်ခေတ်တွင် ကြီးပြင်းရှင်သန်လာခဲ့ရခြင်းဖြစ်ပါကြောင်း။

ဝံသာနုရက္ခိတတရားသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအနှစ်သာရ ဖြစ်ပါကြောင်း၊ တစ်နည်းဆိုရလျှင် ပြည်ထောင်စုစိတ်ဓာတ်သည် အမိမြန်မာပြည်အတွင်း အတူတကွ ပူးပေါင်း လက်တွဲနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးအားလုံးကို လွှမ်းခြုံထားသည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ဟုလည်း မိမိတို့ လူငယ်များခံယူထားရှိခဲ့ကြပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းအောင် စည်းလုံးညီညွတ်မှု စွမ်းပကားများနှင့် အရှိန်အဟုန်မြှင့်ပြီး တည်ဆောက်နိုင်ချိန်တွင် အတ္တကို ဗဟိုပြုသည့် ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ဖြင့် စော်ဘွားအနွယ် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုသည် ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည်ယာယီ အစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်လွှင့်ကြေညာလာသည်ကို ကြားသိလိုက်ရပါကြောင်း။

ဤသည်မှာ ၁၉၅၈ခုနှစ်ကတည်းက ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှခွဲထွက်ပြီး သီးခြားနိုင်ငံထူထောင်ရန် လှုံ့ဆော်ဆောင်ရွက်ခဲ့သည့် ပဒေသရာဇ်ရှမ်းစော်ဘွားများ၏အတ္တ ရှေးရှုသော ဆိုးမွေကို ပြည်ပြေးရှမ်းစော်ဘွားအနွယ်အချို့က ပြည်ပအားကိုးဖြင့် ဆက်ခံပြီး ပြည်ထောင်စုကြီးပြိုကွဲအောင် သွေးထိုးလုပ်ကြံလိုက်သည့် လုပ်ရပ်ပဲဖြစ်ပါကြောင်း။

ယနေ့ တစ်တိုင်းပြည်လုံး ထားရှိကျင့်သုံးနေသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ပြေး စဝ်ခမ်ဖတို့ စွဲကိုင်လာသည့် ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်သည် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံ၏သမိုင်းကိုပြန်ကြည့်လျှင် ကျဉ်းမြောင်းသည့်လူမျိုးရေးစိတ်ဓာတ်ကို အခြေခံသော အမှားများကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်ခဲ့ကြရသည့် ခါးသီးသောအတွေ့အကြုံများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံ၌ ပြည်တွင်း ရောင်စုံသောင်းကျန်းမှုဒဏ်ကြောင့် စိုက်ပျိုးနိုင်သည့် လယ်မြေဧက ထောင်ပေါင်း

ထောက်ခံ

"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" အဆို ကို ပဲခူး တိုင်းမှ ကျော်ဇင်ဝင်းက ထောက်ခံတင်ပြစဉ်။
(သတင်းစဉ်)

များစွာ ပလပ်မြေဖြစ်ခဲ့ရပါကြောင်း၊ နယ်စပ်နှင့် ကျေးလက်ဒေသနေပြည်သူထောင်ပေါင်းများစွာ အသက်အိုးအိမ် ဆုံးရှုံးခဲ့ရပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေကုဋေပေါင်းများစွာ ဆုံးရှုံးခဲ့ရပါကြောင်း။

ယင်းအမှားမျိုးကို ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့က သင်ခန်းစာမယူဘဲ ကိုလိုနီသြဇာခံ ပဒေသရာဇ် ဉာဉ်မျိုးဖြင့် ပြည်ပအားကိုးပြီး တစ်ကျော့ပြန်သွေးတိုးစမ်း လုပ်ဆောင်လာခြင်းပင်ဖြစ်ပါကြောင်း။

မိမိတို့ လူငယ်များသည် စွန့်လွှတ်စွန့်စားလိုစိတ်ရှိသကဲ့သို့ အမှန်တရားကို နှစ်နှစ်ကာကာ မြတ်နိုးလိုလားသည့် ဗီဇအခြေခံကောင်းများနှင့် ဖြူစင်သော နှလုံးသားပိုင်ရှင်များဖြစ်ပါကြောင်း၊ ယင်းဗီဇ အခြေခံကောင်း

ထောက်ခံ

"လူငယ်စွမ်းအားဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" အဆို ကို ကချင်ပြည်နယ်မှ အင်ခွန်မွန်းဂျာက ထောက်ခံ တင်ပြစဉ်။
(သတင်းစဉ်)

များနှင့်အညီ မိမိဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော် အကျိုးစီးပွားအတွက် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နေသူများလည်း ဖြစ်ကြပါကြောင်း။

မိမိတို့၏ ဖြူစင်သည့် နှလုံးသားတွင် ပြည်ပအားကိုး အရိပ်မည်းများ ထိုးမလာအောင် တားဆီးဖယ်ရှားကြရမှာပဲ ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံထားသည့် ရိုးသားမှုအဖြူထည်ကို နယ်ချဲ့လက်ပါးစေ ပုဆိန်ရိုးတို့၏ အနက်ရောင်ဆိုးခြင်း မခံရရန် မိမိတို့ ကာကွယ်စောင့်ရှောက်ကြရမှာပဲ ဖြစ်ပါကြောင်း။

နိုင်ငံတော်ကြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နေသည့် ယနေ့အချိန်အခါမျိုးတွင် စော်ဘွားအနွယ် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်သည် ဆူးငြောင့်ခလုတ်ကန်သင်းတစ်ခုကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အဖျက်အမှောင့်လုပ်ရပ်များကြံစည်လုပ်ဆောင်လာသည့် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါများကို လူငယ်နီးနှောဖလှယ်ပွဲက အပြင်းအထန် ဆန့်ကျင်ရှုတ်ချလိုက်ကြောင်း၊ ထပ်ဆင့်ကြေညာလိုက်သည်မှာ လျော်ကန်သင့်မြတ်လှပါကြောင်း တင်ပြလိုပါကြောင်း။

နိုင်ငံတော်စည်းလုံးညီညွတ်မှုပြိုကွဲစေရန် ရည်ရွယ်ပြီး ပုံသဏ္ဍာန်အမျိုးမျိုး၊ နည်းလမ်းအဖုံဖုံဖြင့် ဖန်တီးလုပ်ဆောင်လာသည့် အဖျက်သမားများ၏ အန္တရာယ်ကို တားဆီးဖယ်ရှားနိုင်မှသာ အေးချမ်းတည်ငြိမ်သည့် ပတ်ဝန်းကျင်ကောင်း၌ ခေတ်မီဖွံ့ဖြိုး တိုးတက်မှု အလီလီကို အရှိန်အဟုန်မြင့်မြင့်မားမားဖြင့် ကြိုးပမ်းဖော်ဆောင်နိုင်မှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုရှင် စိုင်းကျော်စိုးလှိုင် တင်သွင်းသွားသည့် **"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"** ဆိုသည့်အဆိုကို လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲထောက်ခံလိုက်ပါကြောင်းဖြင့် တင်ပြသွားသည်။

ယင်းနောက် ဧရာဝတီတိုင်းမှ နီလာသန်းက **"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"**ဟူသည့် အဆိုကို ထောက်ခံတင်ပြရာတွင်–

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ကိုလိုနီဝါဒီတို့လက်အောက် ကျရောက်ခဲ့ရပြီး ပြည်တွင်းသောင်းကျန်းမှုဒဏ်နှင့် ပြည်ပအနှောင့်အယှက်ဒဏ်တို့ကို ရာစုနှစ်တစ်စုခွဲမကခံခဲ့ရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အလွန်နောက်ကျ နေခဲ့ရပါကြောင်း၊ နယ်စပ်ဒေသ၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား သွေးချင်းသားချင်းများသည် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု၌ လုံးဝနောက်ကျကျန်ရစ်ခဲ့ရပါကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုမတူညီသကဲ့သို့ မြို့ပြနှင့်ကျေးလက်ဒေသများမှာ၌လည်း ဖွံ့ဖြိုးမှုကွာဟချက် ကြီးမားလွန်းနေခဲ့ပါကြောင်း။

၁၉၈၈ခုနှစ်တွင်ပြည်တွင်းပြည်ပ အဖျက်သမားများ၏ တိုင်းဆူပြည်ဖျက်လုပ်ရပ်ကြောင့် ပြည်ထောင်စုကြီးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုလည်းကောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် အေးချမ်းလုံခြုံမှုကိုလည်းကောင်း ဆိုးဆိုးရွားရွား ထိခိုက်လာခဲ့ရပါကြောင်း၊ ထို့ကြောင့် အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်ခဲ့သည့် အစဉ်အလာနှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပါကြောင်း။ တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ်ကစပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့၍ ယနေ့ မြန်မာနိုင်ငံသည် နတ်ရေကန်ထဲ ပစ်ချလိုက်သကဲ့သို့ ဘက်စုံဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် အစွန်အဖျားက နယ်စပ်ဒေသများပါမကျန် မြို့ပြနှင့်ကျေးလက်ကွာဟမှုနည်းပါးစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းများကို ကွန်ရက်ပမာ သတ်မှတ်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုလည်း တစ်ဆက်တစ်စပ်တည်းချမှတ်ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

အဖြူနှင့်အမည်း၊ အလင်းနှင့်အမှောင်၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်သည် ခွဲခြား၍ လွယ်ပါကြောင်း၊ ဖြူစင်သည်၊ အလင်းရောင်ရှိသည်၊ ကောင်းသည်၊ အပြုသဘောဆောင်သည်ဆိုလျှင် တိုးတက်မှုကိုရရှိနိုင်ကြမှာဖြစ်ပါကြောင်း၊ အမည်း၊ အမှောင်၊ အဆိုး၊ အဖျက်ဆိုတာတွေကတော့ အနိဋ္ဌာရုံကိုပဲ ဖော်ဆောင်ပေးမှာဖြစ်ပါကြောင်း။

တင်ပြ

"လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" အဆို ကို ဧရာဝတီတိုင်းမှ နီလာသန်း က ထောက်ခံ တင်ပြစဉ်။
(သတင်းစဉ်)

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပြည်ထောင်စုစိတ်ဓာတ်နှင့် အပြုသဘောဆောင်ပြီး နိုင်ငံတော်ကိုတည်ဆောက်နေချိန်တွင် အမည်း၊ အမှောင်၊ အဆိုး၊ အဖျက်သမားများကလည်း ပြည်တွင်းပြည်ပ အဖျက်ပယောဂစုံနှင့် နှောင့်ယှက်လာသည့်အတွက် ပြည်သူ့သဘောထား(၄)ရပ်တွင် ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အဆိုးမြင်ဝါဒီများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြမည်ဟု ပြည်သူလူထုက သန္နိဋ္ဌာန်ချခဲ့ခြင်း ဖြစ်ပါကြောင်း။

ယနေ့နိုင်ငံအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်နိုင်၍ ညီညွတ်မှုစွမ်းပကား အားကောင်းလာချိန်တွင် တစ်နည်းဆိုရလျှင် ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မြတ်နိုးတွယ်တာ စောင့်ရှောက်ပြီး အရိပ်တကြည့်ကြည့်လုပ်နေချိန်၌ အဆိုးမြင်၊ အဖျက်သမား၊ အမျိုးသားသစ္စာဖောက်များ၊ ပြည်ပြေးများနှင့် ဝရမ်းပြေးများက ဗုံးခွဲမှုများ၊ ပြည်သူကို ချောင်းမြောင်းပစ်ခတ်သတ်ဖြတ်မှုများ၊ နိုင်ငံတော်ပြိုကွဲရာ ပြိုကွဲကြောင်း အဖျက်လုပ်ရပ်များကို မျက်ကန်းတစ္ဆေမကြောက် လုပ်ဆောင်လာပြီး ပြည်သူလူထုကို ဒုက္ခပေးနေကြောင်း တွေ့ရှိကြရမှာဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

လူမဆန်ရက်စက်ယုတ်မာစွာ အကြမ်းဖက်ဗုံးခွဲလူသတ်သည့်လုပ်ရပ်ကို ယခုကျင်း
အကြမ်းဖက်အဖျက်သမားများ၏လုပ်ရပ် ပြင်းပြင်းထန်ထန်ရှုတ်ချရုံသာမက အဖျက်
နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မွေးရာပါတာဝန်အဖြစ် လူငယ်လူရွယ်တိုင်း အားတက်
မြန်မာနိုင်ငံ၏ ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာနေသည်ကို မလိုလားဘဲ

စာမျက်နှာ ၇ မှ

လက်နက်ကိုင်တောခိုပြီး အကြမ်းဖက်သောင်းကျန်းသူဘဝ၊ ပြည်ပြေးဘဝခံယူထားသည့် သောင်းကျန်းသူအဖျက်သမားများ၏ ၁၉၄၈ခုနှစ်မှ ယနေ့အထိလုပ်ခဲ့သည့် လူသတ်၊ မီးရှို့၊ ဗုံးခွဲ၊ မိုင်းထောင်၊ လုယက်၊ ဓားပြတိုက်သည့် လုပ်ရပ်များသည် ပြောမဆုံးပေါင် တောသုံးထောင်ဆိုသလို များပြားလှပါကြောင်း။

ယခု ၂၀၀၅ ခုနှစ်အတွင်းကို ကြည့်မယ်ဆိုလျှင် ဧပြီလ ၂၁ ရက်နေ့က ထားဝယ်မှ ရန်ကုန်လာသည့် ကုန်တင်ယာဉ်နှစ်စီးနှင့် ခရီးသည်တင် မှန်လုံယာဉ် ၁၂ စီးကို ထားဝယ်–ရေးလမ်းပိုင်း မိုင်တိုင်အမှတ် ၃၃/၂ အရောက်၌ ကေအင်န်ယူ အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ရင်း ပစ်ခတ်ခဲ့၍ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ထားဝယ်တက္ကသိုလ်မှ ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦးနှင့် ယာဉ်နောက်လိုက်တစ်ဦးတို့ သေဆုံးခဲ့ကြရပါကြောင်း။

ထို့အတူပင် ကေအင်န်ပီပီအကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ဧပြီလ ၂၂ ရက်နေ့တွင် လွိုင်ကော်မြို့ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်သို့ သွယ်တန်းထားသည့် မဟာဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ်(၁၀၃)ကို အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့၍ ဓာတ်အားလိုင်းပျက်စီးပြီး ဓာတ်အားပို့လွှတ်မှု ပြတ်တောက်သွားခဲ့ရပါကြောင်း။

ဧပြီလ ၂၆ ရက်နေ့တွင် မန္တလေးမြို့ ဈေးချို မြေညီထပ် စီရုံနှင့်ဒီရုံကြား၌ ရက်စက်ယုတ်မာလှသည့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် ဗုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးပြီး ၁၅ဦး ဒဏ်ရာရခဲ့ပါကြောင်း။

အလားတူပင် မေလ ၇ ရက် (မနေ့)က ရန်ကုန်မြို့၌ အကြမ်းဖက်သမားများဖြစ်သည့် KNU၊ ရှက်ဆစ်ဦးစီးသည့် SSA၊ KNPP နှင့် ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUB တို့၏ လက်ပါးစေများက လူစည်ကားသည့်နေရာ သုံးနေရာဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ Junction (8) စင်တာကုန်တိုက်၌ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဒဂုံစင်တာကုန်တိုက်၌ ညနေ ၃ နာရီတွင်လည်းကောင်း ရက်စက်ယုတ်မာစွာအစီအစဉ်ရှိရှိ ပူးပေါင်းကြံစည်ပြီး ဗုံးထောင်ဖောက်ခွဲလိုက်ခြင်းကြောင့် အပြစ်မဲ့ရဟန်းရှင်လူ ပြည်သူ ၁၁ ဦးအသက်ဆုံးရှုံးပြီး ၁၆၂ ဦးဒဏ်ရာရရှိကြောင်းသိရပါကြောင်း။

> **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲအခမ်းအနားကို မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော် ခြေတော်ရင်းရှိ အားကစားကွင်း၌ ကျင်းပစဉ်။**
> (သတင်းစဉ်)

အဆိုပါ လူမဆန် ရက်စက်ယုတ်မာစွာ အကြမ်းဖက်ဗုံးခွဲလူသတ်သည့် လုပ်ရပ်ကို ယခုကျင်းပနေသည့်လူငယ်နှီးနှောဖလှယ်ပွဲကြီးက ပြင်းပြင်းထန်ထန်ရှုတ်ချလိုက်ပါကြောင်း၊ ယခုကိစ္စတွင် အသက်ဆုံးရှုံးရသူများနှင့် ဒဏ်ရာရသူများ၏ မိသားစုများ၊ဆွေမျိုးသားချင်းများနှင့်ထပ်တူမိမိတို့လူငယ်ထုတစ်ရပ်လုံးကလည်းစာနာထောက်ထားကြောင်းနှင့်ဝမ်းနည်းကြေကွဲကြောင်း မှတ်တမ်းတင်လိုက်ပါကြောင်း။

ဤရက်ပိုင်းမှာပင် စော်ဘွားအနွယ်တစ်စုသည် ပြည်ပြေးအဖြစ် ပြည်ပကို ရောက်ရှိနေရာကနေ လွတ်လပ်သည့် ရှမ်းပြည်အဖြစ် ထူထောင်ကြောင်း ကြေညာပြီး စဝ်ခမ်ဖက သူ့ကိုယ်သူ သမ္မတခန့်အပ်လိုက်သည့် အနိဋ္ဌာရုံသတင်းကို ကြားသိလိုက်ရပြန်ပါကြောင်း၊ ဤသည်မှာ တိုင်းရင်းသားပြည်သူများ မင်္ဂလာယူသည့် မြန်မာ့နှစ်ဦးကာလ၏ အနိဋ္ဌာရုံသတင်းများပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်တွင်း ပြည်ပ၊ မြေပေါ်မြေအောက်၊ လက်ဝဲလက်ယာ အစွန်းရောက် အဖျက်သမားမှန်သမျှ၏ ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ထိပါးသည့် လုပ်ရပ်များနှင့် ပြည်သူလူထုကို ထိခိုက်သေကျေစေသည့် အကြမ်းဖက်လုပ်ရပ်များကို ယနေ့ကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲကြီးက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား ကိုယ်စားပြုပြီး စက်ဆုပ်ရွံရှာစွာ ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ပါကြောင်း။

မိမိတို့လူငယ်များသည် အကြမ်းဖက်အဖျက်သမားများ၏ လုပ်ရပ်ကို ပြင်းပြင်းထန်ထန်ရှုတ်ချရုံသာမက အကြမ်းဖက်အဖျက်သမားများ၏ အဖျက်လုပ်ရပ်အန္တရာယ် နိုင်ငံတော်အပေါ် မကျရောက်အောင် ကာကွယ်တားဆီး တိုက်ဖျက်သွားရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားကြသူများ ဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်ဟူသည့် ခံယူချက်ဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို မည်သူ၏ တိုက်တွန်းမှုမျှမပါဘဲ ထမ်းဆောင်ခဲ့သည့် အစဉ်အလာရှိခဲ့သည်မှာ ရှေးနှစ်ပေါင်းပဝေသဏီကတည်းက ဖြစ်ပါကြောင်း။

မျက်မှောက်ခေတ်၌ ကြီးပြင်းလာခဲ့ရသည့် မိမိတို့လူငယ်ထု၏ ဦးနှောက်နှင့် နှလုံးသားထဲတွင် တိုင်းပြည်နှင့်လူမျိုးကို ဘေးအန္တရာယ် အသွယ်သွယ်က ကာကွယ်စောင့်ရှောက်ရန် စိတ်ဆန္ဒအပြည့်အဝဖြင့် ထက်ထက်သန်သန်ရှိနေကြပါကြောင်း၊ လူငယ်များသည် တိုင်းပြည်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရသည်ကို ဂုဏ်ယူကြပါကြောင်း၊ ထို့ကြောင့် တပ်မတော် (ကြည်း/ရေ/လေ)ထဲသို့ နှစ်စဉ်နှစ်တိုင်း အဆက်မပြတ် အားတက်သရော ဝင်ရောက်စစ်မှုထမ်းဆောင်လျက်ရှိကြပါကြောင်း။

ယင်းကဲ့သို့ မြန်မာနိုင်ငံ၌ စစ်မှုထမ်းဆောင်ခြင်းကို မျိုးရိုးဗီဇနှင့် စိတ်ဆန္ဒအလျောက် ဝင်ရောက်ထမ်းဆောင်နေကြသော်လည်း အချို့သောနိုင်ငံများတွင်မူ စစ်မှုမထမ်းမနေရ ဥပဒေများပြဋ္ဌာန်းပြီး စစ်သားစုဆောင်းနေရကြောင်း တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ထိုကဲ့သို့ မတူကွဲပြားသည့် နိုင်ငံများ၏ အခြေအနေများပေါ်မူတည်ပြီး မြန်မာလူငယ်များ၏ ပြင်းပြသော စစ်မှုထမ်းဆောင်လိုစိတ်ကို တလွဲအဓိပ္ပာယ်ဖွင့်ဆိုပြီး အနောက်နိုင်ငံအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်စေလျက်ရှိသည်ဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ၌ စစ်မှုထမ်းဆောင်ခြင်းနဲ့စပ်လျဉ်းပြီး ၁၉၇၄ခုနှစ် ဧပြီလ ၈ ရက်နေ့စွဲပါ ကာကွယ်ရေးကောင်စီ ညွှန်ကြားလွှာအမှတ်(၁၃/၇၃) အရ တပ်မတော် (ကြည်း/ရေ/လေ)စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်းအရ စာရင်းသွင်းမည့်သူသည် (၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊ (၂) အသက် ၁၈နှစ်ပြည့်ပြီး ၂၅နှစ်ထက် မကျော်လွန်ရ၊ (၃) စစ်မှုထမ်းများအတွက်သတ်မှတ်ထားသည့် ကျန်းမာရေးအဆင့်အတန်းရှိရမည်၊ (၄) တပ်ဖွဲ့အလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့် ပြည့်စုံရမည်ဆိုသည့် ညွှန်ကြားချက်ကို အတိအလင်းပြဋ္ဌာန်းထားပြီး လိုက်နာကျင့်သုံး ဆောင်ရွက်နေကြောင်း အားလုံးအသိပဲဖြစ်ပါကြောင်း။

ထို့အပြင် အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်း မပြုစေရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၅–၁–၂၀၀၄ရက်နေ့မှာ **“အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ”** ကို ဖွဲ့စည်းဆောင်ရွက်စေပါကြောင်း၊ အဆိုပါကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ယင်းကော်မတီသည် (၁) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်များအဖြစ် စုဆောင်းခြင်းမပြုရေးအတွက် ကာကွယ်တားဆီးရန်၊ (၂) ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ (၃) ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်စေရန်ဆိုသည့် ရည်ရွယ်ချက်များထားပြီး ကြပ်မတ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတင်ပြခဲ့သည့် အကြောင်းအရာအချက်အလက်များကို ခြုံငုံဆက်စပ်သုံးသပ်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မွေးရာပါတာဝန်၊ အမျိုးသားရေးတာဝန်အဖြစ်ဖြင့် မိမိတို့ လူငယ်လူရွယ်များကိုယ်တိုင် အားတက်သရော ပါဝင်ထမ်းဆောင် နေကြခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အနောက်နိုင်ငံအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်သားအဖြစ် စုဆောင်းနေသည်ဆိုပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေသည်မှာ မြန်မာနိုင်ငံ၏ ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာနေသည်ကို မလိုလားဘဲ နိုင်ငံတော်၏ အမျိုးသားရေး
လုပ်ဆောင်နေကြောင်း သုံးသပ်တွေ့ရှိ

ထို့ကြောင့် မိမိတို့လူငယ်ထုသည်
အဖြစ် တစ်တပ်တစ်အား ပူးပေါင်းပါဝင်
အနောက်နိုင်ငံအချို့နှင့် အပေါင်းပါများ
ဤလူငယ်နှီးနှောဖလှယ်ပွဲက ဆန့်ကျင်
လိုက်ပါကြောင်း။

အဖျက်သမားမှန်သမျှကို ဆန့်
ဖယ်ရှားနိုင်မှသာ မိမိတို့နိုင်ငံ၏ အမ
ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနို

> **ပစ္စုပ္ပန်နှင့်**
> - ပြည်ထောင်စု
> လူငယ်လူရွယ်
> - လူငယ်ထု၏
> ပစ္စုပ္ပန်နှင့်အ
> - ယနေ့ နိုင်ငံ
> ပြည့်စုံလုံနေ
> စွမ်းအားရှင်၊
> ညီညီညွတ်ညွ

ကို ယခုကျင်းပနေသည့် လူငယ်နှီးနှောဖလှယ်ပွဲကြီးက ပြင်းပြင်းထန်ထန်ရှုတ်ချ
မက အဖျက်အန္တရာယ် နိုင်ငံတော်အပေါ် မကျရောက်ရေးကာကွယ်ရန် သန္နိဋ္ဌာန်ချထား
င်း အားတက်သရောပါဝင်ထမ်းဆောင်နေမှု အနောက်နိုင်ငံအချို့ မဟုတ်မမှန်လုပ်ကြံစွပ်စွဲ
မလိုလားဘဲ အမျိုးသားရေးစွမ်းအားချည့်နဲ့အောင် တမင်ရည်ရွယ်လုပ်ဆောင်နေ

မလိုလားဘဲ နိုင်ငံတော်၏ အမျိုးသားရေးစွမ်းအားချည့်နဲ့အောင် တမင်ရည်ရွယ် လုပ်ဆောင်နေကြောင်း သုံးသပ်တွေ့ရှိနိုင်ပါကြောင်း။

ထို့ကြောင့် မိမိတို့လူငယ်ထုသည် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစု အဖြစ် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ထမ်းဆောင်သွားမှာဖြစ်ပါကြောင်းနှင့် အနောက်နိုင်ငံအချို့နှင့် အပေါင်းပါများ၏ မဟုတ်မမှန်လုပ်ကြံစွပ်စွဲချက်ကို ဤလူငယ်နှီးနှောဖလှယ်ပွဲက ဆန့်ကျင်ရှုတ်ချကြောင်း အတိအလင်းကြေညာလိုက်ပါကြောင်း။

အဖျက်သမားမှန်သမျှကို ဆန့်ကျင်ရှုတ်ချရုံမက ချေမှုန်းသုတ်သင်ဖယ်ရှားနိုင်မှသာ မိမိတို့နိုင်ငံ၏ အမျိုးသားရေး ဦးတည်ချက်ပန်းတိုင်ကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ကြမှာဖြစ်ပါကြောင်း။

ထို့ကြောင့် လူငယ်ထု၏ ခွန်အား၊ လူငယ်ထု၏ စွမ်းပကားနှင့် နီးကြားတက်ကြွ ဖျတ်လတ်မှုများကိုအားပြုပြီး ရည်မှန်းချက်ပန်းတိုင်အရောက် လျှောက်လှမ်းနိုင်အောင် အဆိုရှင် စိုင်းကျော်စိုးလှိုင် တင်သွင်းသွားသည့် **“လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့”**ဆိုသည့်အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်ပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် သဘာပတိက**“လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့”**ဟူသည့် အဆိုပြုချက်နှင့် ထောက်ခံတင်ပြချက်များကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများသည် လူငယ်ကတိသစ္စာ ငါးရပ်ဖြစ်သည့် (၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် လက်ဆင့်ကမ်းခံယူကျင့်သုံးပါမည်၊ (၂) ကျွန်ုပ်တို့သည် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးကို ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် မမိုတ်မသုန်ဆောင်ရွက်ပါမည်၊ (၃) ကျွန်ုပ်တို့သည် အမိနိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ရာသက်ပန် ကာကွယ် စောင့်ရှောက်ပါမည်၊ (၄) ကျွန်ုပ်တို့သည် အမိနိုင်ငံတော်တွင် မှန်ကန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေရန် စည်းရုံးဆောင်ရွက်ပါမည်၊ (၅) ကျွန်ုပ်တို့သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ပါမည်ဟု တညီတညွတ်တည်း ရွတ်ဆိုကတိပြုကြသည်။

ယင်းနောက် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမပြိုကွဲရေး **(ဒို့အရေး၊ ဒို့အရေး)**၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး **(ဒို့အရေး၊ဒို့အရေး)**၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး **(ဒို့အရေး၊ ဒို့အရေး)**၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး **(ဒို့အရေး၊ ဒို့အရေး)**ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၇ နာရီ ၅၅ မိနစ်တွင် လူငယ်နှီးနှောဖလှယ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ပစ္စုပ္ပန်နှင့်အနာဂတ်တွင် အားကိုးလောက်သည့် အမျိုးသားရေးစွမ်းအားစုကြီးဖြစ်

- ❒ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုး တစ်ရာကျော်ပါဝင်ပြီး လူဦးရေစုစုပေါင်း ၅၄ သန်းကျော်ရှိသည့်အနက် လူငယ်လူရွယ်အင်အား ၂၄ သန်းကျော် ရှိနေ၊ ဤသည်မှာ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ထမ်းတင်နိုင်သည့် ခွန်အားကြီးတစ်ရပ်ဖြစ်။
- ❒ လူငယ်ထု၏အားမာန်ကို ခေတ်မီအဆင့်မြင့် အသိပညာ၊ အတတ်ပညာများနှင့်ပေါင်းစပ်လိုက်လျှင် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးရန် ပစ္စုပ္ပန်နှင့်အနာဂတ်တွင် အားကိုးလောက်သည့် အမျိုးသားရေးစွမ်းအားစုကြီးဖြစ်လာမှာ အသေအချာပင်ဖြစ်။
- ❒ ယနေ့ နိုင်ငံတော်တွင် အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများရရှိနေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အရင်းအမြစ်များလည်း ပြည့်စုံဖူလုံနေပြုဖြစ်၊ မိမိတို့လူငယ်များသည် ဖွံ့ဖြိုးတိုးတက်မှုကို ခေတ်မီစေမည့် စွမ်းရည်မြင့်မား၊ တက်ကြွဖျတ်လတ်၊ ခွန်အားပြည့်ဖြိုးသည့် စွမ်းအားရှင်၊ ပညာရှင်လူငယ်များ အလုံအလောက် ဖြစ်လာ၊ ရှိလာစေရန် ကြိုးပမ်းရေး တကယ်လုပ်အဟုတ်ဖြစ်ရမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် လက်တွဲပြီး အားထုတ်လုပ်ဆောင်။

အာရှ-အာဖရိက ထိပ်သီးညီလာခံ၊ အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားနှင့် ရိုးသားပွင့်လင်းသော မြန်မာနိုင်ငံရဲ့ သဘောထား

အောင်မိုးခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုရဲ့ ဖိတ်ကြားချက်အရ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာနဲ့ ဘန်ဒေါင်းမြို့တို့မှာ ဧပြီလ ၂၂ရက်မှ ၂၄ရက် အထိ ကျင်းပခဲ့တဲ့ ၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနဲ့ အာရှ–အာဖရိကကွန်ဖရင့် အထိမ်းအမှတ် ရွှေရတု အခမ်းအနားသို့ တက်ရောက်ပြီး ဧပြီလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းမှာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနဲ့ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလဲ ပြန်လည်လိုက်ပါလာခဲ့ကြပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ရောက်ရှိနေစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဧပြီလ ၂၂ ရက်နေ့မှာ အာရှ–အာဖရိက ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ အဲဒီ အခမ်းအနားကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အာရှ၊ အာဖရိကနှင့် အခြားနိုင်ငံ စုစုပေါင်း ၁၀၅ နိုင်ငံမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲ ၄၁ ဦး၊ ဒုတိယသမ္မတ ခြောက်ဦး၊ အထူး ကိုယ်စားလှယ် ၅၈ ဦးနဲ့ အဖွဲ့အစည်း ၁၈ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါတယ်။

နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနဲ့ အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များဟာ နံနက်ရနာရီခွဲမှစတင်ပြီး Jakarta Convention Center သို့ရောက်ရှိကြရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပါတယ်။

ဖွင့်ပွဲအခမ်းအနားအပြီးမှာ နိုင်ငံအကြီးအကဲများ၊ အစိုးရ အဖွဲ့ အကြီးအကဲများနဲ့ အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များဟာ Jakarta Convention Center ၏ Main Lobby မှာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်းနှီးခင်မင်စွာ အပြန်အလှန် နှုတ်ဆက်ကြပါတယ်။

အာရှ–အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့လဲ တက်ရောက်ခဲ့ကြပါတယ်။

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် နေ့လယ်စာ သုံးဆောင်ရန် အစည်းအဝေးအစီအစဉ်များကို ခေတ္တရပ်နားရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီဟေးချန်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်အိချိရို ကိုအိဇုမိတို့ လာရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ကြပါတယ်။ အစည်းအဝေး ပြန်လည် ကျင်းပချိန်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ထိပ်သီးညီလာခံအပြီးမှာ ထုတ်ပြန်မည့် ကြေညာချက်ကို ထိပ်သီးညီလာခံ ပထမနေ့ ညနေပိုင်းမှာ အခြားနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ လက်မှတ်ရေးထိုးခဲ့ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ညပိုင်းတွင် ဂျကာတာမြို့ သမ္မတအိမ်တော် အစ္စတာနနီဝါရာမှာ ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်နဲ့ ဧပြီလ၂၃ ရက်နေ့ နံနက် ၉ နာရီမှာ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Hotel Mulia ရှိ Ballroom(3)မှာ တွေ့ဆုံခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ယခုအခါ မိမိတို့မနားမနေ ကြိုးပမ်းအားထုတ်မှုများကြောင့် တိုင်းရင်းသားများ၏ ယုံကြည်မှု၊ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများရှိခဲ့ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသား ညီလာခံ အစည်းအဝေးနှစ်ရပ်၏ ရလဒ်များကို များစွာနှစ်ထောင်းအားရ ဖြစ်မိပါကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်လိုသည့် အများဆန္ဒသည် သိသာထင်ရှားလာပါကြောင်း”** ရှင်းလင်းပြောကြားခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ကလဲ **“နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနှင့်ကိုက်ညီသောစနစ်ကို ရွေးချယ်ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု မိမိတို့ခံယူပါကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၌ လေးစားရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ခြင်းကိုလဲ သဘောမတူပါကြောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်တည်ချက်မှာလဲ မပြောင်းလဲပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်မည် မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် မိမိ၏အခက်အခဲများကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း”** ပြန်လည် ရှင်းလင်းပြောကြားခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အင်ဒိုနီးရှားသမ္မတ နိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုနဲ့ ဧပြီလ ၂၃ ရက်နေ့ နံနက် ၁၀ နာရီမှာ အင်ဒိုနီးရှားသမ္မတနိုင်ငံ Jakarta Convention Center ရှိ ဧည့်ခန်းမမှာ တွေ့ဆုံခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ယနေ့ ကမ္ဘာကြီးတွင် နိုင်ငံငယ်များအနေဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ သို့ပါ၍ အာရှ–အာဖရိကနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံနှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်း ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိသော်လဲ ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်ကြောင့် ဖွံ့ဖြိုးမှု နှေးကွေးခဲ့ရကြောင်း၊ ကြိုးပမ်းရုန်းကန်ခဲ့ရသည်မှာ ယနေ့အထိ ဖြစ်ပါကြောင်း”** ရှင်းလင်းပြောကြားခဲ့ပါတယ်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုကလဲ **“မြန်မာနိုင်ငံ၏ အခြေအနေကို အားလုံးသိရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးသည် အင်ဒိုနီးရှားနိုင်ငံ၏အကျိုးဖြစ်ပြီး အာဆီယံအဖွဲ့ကြီး၏ အကျိုးလဲဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဆက်လက်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီး မိမိတို့တိုင်းပြည်များအား ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းတည်ဆောက်သွားရန်လိုကြောင်း၊ ထို့ပြင် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက စွက်ဖက်ရန် မသင့်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မည် မဟုတ်ပါကြောင်း”** ရှင်းလင်းပြောကြားခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ အာနန်အား ဧပြီလ ၂၃ရက်နေ့ မွန်းလွဲ၁၂နာရီ၁၀မိနစ်မှာ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center အခန်းအမှတ်(၄)မှာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပါတယ်။ အဲဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“မိမိတို့မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိရာ ၂၀၀၃ခုနှစ် ဩဂုတ်လ၃၀ရက်နေ့တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပနေပါကြောင်း၊ ယင်းညီလာခံတွင် ဆွေးနွေးသဘောတူရရှိသည့် အခြေခံမူများအပေါ်မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲမှာဖြစ်ပါကြောင်း၊ အဆိုပါ မူကြမ်းကို ပြည်သူ့ဆန္ဒခံယူလျက် အတည်ပြုသွားရန် ရှိပါကြောင်း၊ ယင်းနောက်လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြီး နိုင်ငံတော်အစိုးရအဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းမှာဖြစ်ပါကြောင်း”** ရှင်းလင်းပြောကြားပါတယ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ အာနန်ကလဲ **“နိုင်ငံရေးအပိုင်းတွင် အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန် ကြိုးပမ်းနေသည်ကို သိရသဖြင့် ဝမ်းသာပါကြောင်း၊ နားလည်သဘောပေါက်ပါကြောင်း၊ မြန်မာနိုင်ငံပြည်သူပြည်သားများအားလုံးနှင့် တိုင်းရင်းသား လူမျိုးစုအားလုံးအတွက် ဆောင်ရွက်နေသည်ကို ယုံကြည်ပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့်လဲ ချီးကျူးပါကြောင်း၊ အချို့ပြည်ပနိုင်ငံနှင့် သတင်းဌာနများအနေဖြင့် ဝေဖန်ပြောကြားမှုများ၊ အထင်လွဲမှားမှုများ ရှိနေပါကြောင်း၊ ယင်းသို့ ပြောကြားချက်များကြောင့် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူဟု ထင်မြင်သူများ ရှိပါကြောင်း၊ အမှန်စင်စစ် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူမဟုတ်ဘဲ မိတ်ဆွေသာ ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကလဲ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်ရန် ကြိုးပမ်းမှုများအတွက် ကူညီသင့်ပါကြောင်း”** ရှင်းလင်း ပြောကြားပါတယ်။

အခုလို နိုင်ငံခေါင်းဆောင်များအချင်းချင်း အပြန်အလှန် နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမှု၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ အပြန်အလှန်နားလည်မှု တိုးတက်လာတာတွေဟာ ဘန်ဒေါင်းမူအပေါ် အခြေခံတဲ့ ရလဒ်ကောင်းများပင်ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဧပြီလ၂၄ရက်နေ့မှာ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘန်ဒေါင်းမြို့မှာ ကျင်းပတဲ့ အာရှ–အာဖရိက ကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနား (The Commemoration of the Golden Jubilee of the Asian African Conference1955)သို့ အာရှ–အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားအပြီးမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဖွဲ့ဝင်များဟာ အမှတ်တရ သစ်ပင်စိုက်ပျိုးမယ့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တိုက်ကြီးနှစ်ခုအကြား မိတ်ဖက်သစ်ရဲ့အောင်မြင်မှုကို တိုးပွားနေတဲ့ ပြည်သူအချင်းချင်းဆက်ဆံမှုက အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘန်ဒေါင်းမူကြီးများကို လိုက်နာရင်း ကျွန်တော်တို့ရဲ့ချစ်ကြည်ရင်းနှီးမှုတိုးတက်ရှင်သန်ဖို့ ထပ်မံ ကြိုးပမ်းကြပါစို့။ မဟာဗျူဟာမိတ်ဖက်သစ်ထူထောင်ဖို့နဲ့ ဘန်ဒေါင်းအသိ စိတ်ဓာတ် ပြန်လည်ရှင်သန်စေဖို့ မြန်မာနိုင်ငံက အပြည့်အဝထောက်ခံပါကြောင်း။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

Tegallega Garden သို့သွားရောက်ကြပြီး အာရှတိုက်နှင့် အာဖရိကတိုက်တို့မှသစ်ပင်များကို စိုက်ပျိုးပေးကြပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ နိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဖွဲ့ဝင်များကို မွန်းလွဲ၁နာရီမှာ ဘန်ဒေါင်းမြို့ Pakuan အဆောက်အအုံမှာ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနဲ့ အနောက် ဂျာဗားပြည်နယ် အုပ်ချုပ်ရေးမှူးတို့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပါတယ်။

ဘက်မလိုက်လှုပ်ရှားမှု မူဟာ အမှားနဲ့အမှန်တွင် ကြားနေသော အချောင်သမား ဝါဒမဟုတ်၊ ကမ္ဘာ့အုပ်စုကြီးနှစ်ခုရဲ့ အုပ်စုဖွဲ့အားပြိုင်မှုမှာ မပါဝင်တဲ့ သမာသမတ်ဖြောင့်မတ်စွာ ရပ်တည်ရေးမူသာ ဖြစ်ပါတယ်။

ဘက်မလိုက်နိုင်ငံများဟာ တစ်ချိန်က အရင်းရှင်နဲ့ ဆိုရှယ်လစ်အုပ်စု (အနောက်နဲ့အရှေ့အုပ်စု)ရယ်လို့ ကမ္ဘာမှာ စီးပွားရေး၊နိုင်ငံရေး၊ စစ်ရေးအုပ်စုဖွဲ့ အားပြိုင်နေတဲ့ စစ်အေးတိုက်ပွဲကာလအတွင်း ဘယ်အုပ်စုရဲ့ လွှမ်းမိုးမှုကိုမှ မလိုလားတဲ့၊ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးကို အခြေခံပြီး ပေါ်ပေါက်လာတဲ့ နိုင်ငံများသာဖြစ်ပါတယ်။ ဘက်မလိုက်နိုင်ငံများ လှုပ်ရှားမှုအဖွဲ့ကို ၁၉၅၅ခုနှစ် ဧပြီလမှာ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့မှာ ကျင်းပခဲ့တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးချက်နဲ့ စတင်ခဲ့ပါတယ်။ ဒီမူကြီး ငါးချက်ကို အခြေခံပြီး ၁၉၆၁ခုနှစ် ယူဂိုဆလားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့မှာ ပထမအကြိမ် ဘက်မလိုက်နိုင်ငံများ အစည်းအဝေးကျင်းပခဲ့တယ်။ ဒီကတစ်ဆင့် ၁၉၇၀ပြည့်နှစ်မှာ ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့မှာ ကျင်းပတဲ့ ဘက်မလိုက်အခြေခံမူကြီး ခြောက်ချက်စသဖြင့် အဆင့်ဆင့် တိုးတက်လာခဲ့ပါတယ်။ အခုအခါ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့မှာ မူလအဖွဲ့ဝင် ၂၉နိုင်ငံမှ နိုင်ငံပေါင်း ၁၀၀ ကျော်အထိ ပါဝင်လာပြီ ဖြစ်ပါတယ်။

၁၉၅၅ခုနှစ် ဧပြီလ၁၈ရက်နေ့မှ ၂၄ရက်နေ့အထိ ကျင်းပခဲ့တဲ့ အာရှ-အာဖရိကနိုင်ငံများ ကွန်ဖရင့်ကြီးဟာ ဒီကနေ့ ၂၀၀၅ခုနှစ် ဧပြီလ၂၄ရက်နေ့မှာ အနှစ်(၅၀)ပြည့်မြောက်ပြီး ရွှေရတုအခါရောက်ခဲ့ပါပြီ။

ဒီကနေ့လို စစ်အေးတိုက်ပွဲ ပြီးဆုံးသွားချိန်မှာ တစ်ကမ္ဘာလုံးလိုလို ဈေးကွက် စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးဆီသို့ ဦးတည်ပြောင်းလဲလာပြီ ဖြစ်ပါတယ်။ အခုလို အချိန်အခါမျိုးမှာ ကမ္ဘာ့နိုင်ငံအသီးသီးတို့ဟာ ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာဖန်တီးလာကြပါတယ်။ အနှောင်အဖွဲ့ကင်းစွာ ရပ်တည်လာကြပါတယ်။ နိုင်ငံတကာချစ်ကြည်ရေးနဲ့ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလာကြပါတယ်။ တစ်ချိန်က ကြုံတွေ့ခဲ့ရတဲ့ ကျူးကျော်ကျွန်ပြု အုပ်ချုပ်သော ကိုလိုနီစနစ်ဆိုးများ၊ ကိုလိုနီစနစ်အကြွင်းအကျန်များ၊ စစ်အုပ်စုဖွဲ့ ခြိမ်းခြောက်မှုများ၊ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များနဲ့ ပြည်တွင်းရေးဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုများအပေါ် ခါးသီးနာကြည်းနောင်ကြဉ်လာကြလို့ ဖြစ်ပါတယ်။

ဒါကြောင့် ဘန်ဒေါင်းမူ ၁၀ ချက်မှာ ပါတဲ့-

(၁) လူ့အခြေခံအခွင့်အရေးများနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ အခြေခံမူများနှင့် ရည်ရွယ်ချက်များကို လေးစားခြင်း။

(၂) နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့မှုကို လေးစားခြင်း။

(၃) ကြီးသည် ငယ်သည်မဟူ လူမျိုးအားလုံး တန်းတူရှိမှုနှင့် နိုင်ငံအားလုံး တန်းတူရည်တူရှိမှုကို အသိအမှတ်ပြုခြင်း။

(၄) နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်ခြင်းနှင့် ဝင်ရောက် ကျူးကျော်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(၅) ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့်အညီ နိုင်ငံတိုင်းသည် မိမိကိုယ်ကို ကာကွယ်ရေးအတွက် တစ်နိုင်ငံချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကာကွယ်ပိုင်ခွင့်ရှိမှုကိုလေးစားခြင်း။

(၆) (က) စုပေါင်းကာကွယ်မှုကို အင်အားကြီးနိုင်ငံ တစ်နိုင်ငံ၏ အကျိုးစီးပွားအတွက်အသုံးချခြင်းနှင့်

(ခ) နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံများအပေါ် အကျပ်ကိုင်ခြင်းများကို ရှောင်ကြဉ်ခြင်း။

(၇) နိုင်ငံတိုင်း၏ နယ်မြေတည်တံ့မှု၊ သို့မဟုတ် နိုင်ငံရေးလွတ်လပ်မှုကို ကျူးကျော်ခြင်း၊ သို့မဟုတ် ကျူးကျော်ရန်ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် အင်အားကို အသုံးပြုခြင်းများအား ရှောင်ကြဉ်ခြင်း။

(၈) အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများကို တွေ့ဆုံဆွေးနွေးခြင်း၊ စေ့စပ်လိုက်လျောခြင်း၊ ဖျန်ဖြေခြင်းနှင့် တရားဥပဒေနှင့်အညီ ဖြေရှင်းခြင်းစသော ငြိမ်းချမ်းသော နည်းလမ်းများဖြင့် သက်ဆိုင်ရာနိုင်ငံတို့က ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့်အညီ ဖြေရှင်းခြင်း။

(၉) အပြန်အလှန် အကျိုးရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်မြှင့်တင်ခြင်း။

(၁၀) တရားမျှတမှုနှင့် အပြည်ပြည်ဆိုင်ရာ ဝတ္တရားများကို လေးစားခြင်း။

တို့ဟာ ပြောင်းလဲလာတဲ့ ကမ္ဘာ့အခြေအနေ အချိန်အခါနဲ့ အလွန်ကိုက်ညီမှန်ကန်နေပါတယ်။

ဒီကနေ့တစ်ကမ္ဘာလုံးလိုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးဆီသို့ ပြောင်းလဲလာမှုအပေါ် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားက အခုလိုအပြုသဘောရှုမြင်ထားပါတယ်။

အရင်းရှင်ဈေးကွက်စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲလာတာဟာ-

(၁) လူ့အဖွဲ့အစည်းခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မနားမနေလှုံ့ဆော်တယ်။

(၂) လူ့အဖွဲ့အစည်းဝင်များစွာတို့ကို မိမိတို့ကြမ္မာ မိမိတို့ လွတ်လပ်စွာဖန်တီးလာစေတယ်။(ပုဂ္ဂလိက လွတ်လပ်မှုတွေကို ဦးစားပေးထူထောင်လာစေတယ်)

(၃) ထုတ်လုပ်ရေးကို အဆက်မပြတ်ချဲ့ထွင်လာတဲ့အတွက် ထုတ်လုပ်ရေးဟာ စားသုံးရေးရှေ့က အမြဲကျောနေတယ်။

(၄) စုပေါင်းထုတ်လုပ်မှုရှိတဲ့အတွက် ကုန်ထုတ်စွမ်းအားစုတွေ အရှိန်အဟုန်နဲ့ခေတ်မီတိုးတက်လာစေတယ်။

(၅) ပုဂ္ဂလိကလုပ်ငန်းရှင်တွေအဖို့ လူ့ အဖွဲ့အစည်းအတွက် ကုန်ထုတ်စွမ်းအားစုတွေ ဖွံ့ဖြိုးရေးဟာ မလုပ်မနေရ ပြဋ္ဌာန်းချက်လိုဖြစ်လာတယ်။

(၆) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အကန့်အသတ်မရှိ ချဲ့ထွင်လုပ်ကိုင်ရေး တာဝန်ကို မကျေပွန်သူ လုပ်ငန်းရှင်တွေဟာ စီးပွားပျက် မွဲပြာကျစေ ဆိုတာကို ဥပဒေကဲ့သို့ ပြသခြိမ်းခြောက်လျက်ရှိတယ်။

ဒီကနေ့လို လူ့သမိုင်း ဖြစ်ပေါ်တိုးတက်ရေးလမ်းမှန်ပေါ်မှာ ရပ်တည်လျက်ရှိတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center မှာ ကျင်းပတဲ့ ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ ပထမနေ့ မိန့်ခွန်းပြောကြားရာမှာ အခုလို ထည့်သွင်းမိန့်ကြားခဲ့ပါတယ်။

"ဘန်ဒေါင်းအသိစိတ်ဓာတ်ဟာ ဆက်လက်စပ်ဆိုင်ပြီး ဒေသနှစ်ခုအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုအတွက် အင်အားတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒေသဆိုင်ရာ ဆွေးနွေးမှုနဲ့ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ထိရောက်ပြီး ရေရှည်တည်တံ့တဲ့ ယန္တရားတစ်ခုထူထောင်ဖို့ ကျွန်တော်တို့အနေနဲ့ ခုချိန်ခါမှာဝိုင်းဝန်းကြိုးပမ်းဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့ဟာ လျင်မြန်စွာပြောင်းလဲနေတဲ့ခေတ်ကြီးထဲမှာ နေထိုင်ကြသူများဖြစ်ပါတယ်။ မကြာသေးမီနှစ်များအတွင်း ကဏ္ဍအတော်များများမှာ ကြီးမားတဲ့ ပြောင်းလဲဖြစ်ပေါ်တာတွေကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ပြဿနာများရဲ့ ရှုပ်ထွေးတဲ့ သဘောသဘာဝနှင့် ကျွန်တော်တို့ ကြုံတွေ့နေရတဲ့စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ အမြင်ကျယ်ရပါမယ်။ ဖွဲ့ရှိဖို့ လိုအပ်ပါတယ်။ ဒီထိပ်သီးညီလာခံမှာ အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ သဘောတူညီခဲ့တဲ့ မဟာဗျူဟာမိတ်ဖက်သစ်ဟာ ဒေသနှစ်ခုရဲ့ သွေးစည်းညီညွတ်မှုကို ရှင်သန်စေတဲ့ ထိရောက်တဲ့နည်းလမ်းဖြစ်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရင်ဆိုင်ကြုံတွေ့နေရတဲ့စိန်ခေါ်မှုတွေကြောင့် အာရှ-အာဖရိကအကြား အဆက်အသွယ် ပေါင်းကူးထူထောင်ခြင်းဟာ လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသနှစ်ခုမှာရှိတဲ့ နိုင်ငံများရဲ့ နိုင်ငံရေးကဏ္ဍတိုးတက်မှုရှိခဲ့သော်လဲ အကျိုးမဲ့စေတဲ့ပြင်ပပယောဂများကြောင့် လူမှုရေးနဲ့ စီးပွားရေးကဏ္ဍများမှာ ကျွန်တော်တို့ရဲ့ ပြည်သူအများစုဟာ ဆင်းရဲနွမ်းပါးလျက်ပင် ရှိနေပါသေးတယ်။ ကျွန်တော်တို့ နိုင်ငံများမှာ လူသားနဲ့ သဘာဝအရင်းအမြစ် ပေါကြွယ်ဝပါတယ်။ အဲဒီအင်အားတွေ အပြည့်အဝအသုံးချနိုင်ဖို့ လုပ်ကိုင်နိုင်မယ့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာစီမံချက်များချမှတ်ပြီး တစ်နိုင်ငံက တစ်နိုင်ငံကို ပံ့ပိုးနိုင်ဖို့ ကျွန်တော်တို့ နည်းလမ်းများ ရှာဖွေကြရမှာဖြစ်ပါတယ်။

အဲဒီအတွက်ကြောင့် စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရာမှာ အာဆီယံ၊ အာဖရိကသမဂ္ဂ၊ အာရှပူးပေါင်း ဆောင်ရွက်ရေး ဆွေးနွေးပွဲနဲ့ အရှေ့အာရှထိပ်သီးညီလာခံများစတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ တိုက်ကြီးနှစ်ခုအကြား မိတ်ဖက်သစ်ရဲ့အောင်မြင်မှုကို တိုးပွားနေတဲ့ပြည်သူအချင်းချင်းဆက်ဆံမှုက အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘန်ဒေါင်းမူကြီးများကို လိုက်နာရင်း ကျွန်တော်တို့ရဲ့ချစ်ကြည်ရင်းနှီးမှုတိုးတက်ရှင်သန်ဖို့ ထပ်မံ ကြိုးပမ်းကြပါစို့။ မဟာဗျူဟာမိတ်ဖက်သစ်ထူထောင်ဖို့နဲ့ ဘန်ဒေါင်းအသိစိတ်ဓာတ် ပြန်လည်ရှင်သန်စေဖို့ မြန်မာနိုင်ငံက အပြည့်အဝထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။"

ဒါဟာ နိုင်ငံတကာငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရေးရှုပြောကြားတဲ့မိန့်ခွန်းဖြစ်သလို ၂၀၀၅ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံနဲ့ အာရှ-အာဖရိက ကွန်ဖရင့် အထိမ်းအမှတ်ရွှေရတုအခမ်းအနားမှာ ရိုးသားပွင့်လင်းသောမြန်မာနိုင်ငံရဲ့ သဘောထားကို ကမ္ဘာသို့ ထုတ်ဖော်တင်ပြခဲ့မှုလဲ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ပြည်နယ်နှင့်တိုင်းအမျိုးသမီးဘောလုံး ပြိုင်ပွဲဆက် ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်အနိုင်ရ

ရန်ကုန် မေ ၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ ဆက်လက်ကျင်းပသည်။

နံနက်၇နာရီခွဲတွင် တောင်ဥက္ကလာပ မြို့နယ် ပဒေသာအားကစားကွင်း၌ ပဲခူးတိုင်းအသင်းနှင့် မွန်ပြည်နယ် အသင်းတို့ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ညနေ၄နာရီတွင် ကချင်ပြည်နယ် အသင်းနှင့်တနင်္သာရီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကချင်ပြည်နယ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်တိုင်းနိုင်ပွဲဆက်

ကြည့်မြင်တိုင်မြို့နယ် စလင်း အားကစားကွင်း၌ ယနေ့ညနေ၄နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးများကို သီတာကြည်က ငါးဂိုး၊ မိုးမိုးထွေး၊ ကြည်ကြည်ဆန်းနှင့် နီလာကြွယ်တို့က တစ်ဂိုးစီ သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရန်ကုန်တိုင်းအသင်းမှ စုငြိမ်းအေးက ရရှိသည်။

အုပ်စုတက်ရန်သေချာ

ရန်ကုန်တိုင်းအသင်းသည် မေ ၅ရက်က ကချင်ပြည်နယ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထား၍ ယနေ့ပွဲအပြီးတွင် နှစ်ပွဲနိုင် ခြောက်မှတ်ရရှိကာ အုပ်စုတက်ရန်သေချာသွားပြီဖြစ်သည်။ လက်ကျန်ပွဲစဉ်အဖြစ် မေ၁၀ရက်တွင် တနင်္သာရီတိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ၉ရက်**(ယနေ့)**နံနက်၇နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းအသင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ညနေ၄နာရီတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ မကွေးတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် လိုက်ပါလျက် မေ၆ရက် နံနက်၉နာရီခွဲက မန္တလေးတိုင်း ညောင်ဦးခရိုင်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြပြီး လောကနန္ဒာမြစ်ရေတင်စက်၏ ရေစုပ်ဇရိယာနှင့် ရေအနက်အခြေအနေ၊ မြစ်ကြောင်းအခြေအနေနှင့် ရေအလုံအလောက်ရရှိရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြစ်ရေတင်စက်အတွက် ရာသီမရွေး ရေအလုံအလောက်ရရှိရေး၊ သောင်များ မဖြစ်ထွန်းစေရန် ရေကာတံတိုင်း သုံးခု တည်ဆောက်ဆောင်ရွက်ထားမှု အခြေအနေကိုလည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိသူများက လျှပ်စစ်မြစ်ရေတင်စက်ဖြင့် ရေစုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စီမံကိန်းလုပ်ငန်းကြီးများဖြစ်သည့်အတွက် ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်၍ အဆင်ပြေ ချောမွေ့အောင် ပူးပေါင်းဆောင်ရွက်သွားကြရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိသူများက လောကနန္ဒာ လျှပ်စစ်မြစ် ရေတင်စက်၏ ရေများစုပ်တင်ဖြန့်ဝေပေးနိုင်မှုအခြေအနေ၊ အကျိုးပြု စိုက်ပျိုးမြေ အကျယ်အဝန်းနှင့် ရေရောက်ရှိမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြကြရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့ များအား လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ဒုတိယအဖွဲ့ ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။ **(အောက်ပုံ)**

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)တို့ ပါရှိခြင်းရှိမရှိနှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်း ရှိမရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ **(သတင်းစဉ်)**

အာရှလူထုဆက်သွယ်ရေးထိပ်သီးညီလာခံ(၂၀၀၅)တက်ရောက်ရန် ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဌေး မလေးရှားသို့ထွက်ခွာ

ရန်ကုန် မေ ၈

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မေ၉ရက်မှ ၁၁ရက်အထိကျင်းပမည့် အာရှလူထုဆက်သွယ်ရေး ထိပ်သီးညီလာခံ(၂၀၀၅) (The Asia Media Summit 2005) သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးသည် ယနေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

ပို့ဆောင်နှုတ်ဆက်

ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးအား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ညောင်ပင်သာဆရာတော် မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မေ ၈

ဝါးခယ်မမြို့ ရှစ်မျက်နှာဘုရားဝင်း သာသနာ့ဗိမာန်တော်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အင်းစိန်မြို့ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာနနာယက မိုးကုတ်နယ်လှည့် ဓမ္မကထိက ဆရာတော် အရှင်မာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်သည် မေ ၁၀ရက်မှ ၁၂ရက်အထိ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ညစဉ်၇နာရီမှစ၍ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲကို ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော (Green Cities: Plan for the Planet)**'သာယာစိမ်းလန်း မြို့တစ်ဝှမ်း၊ ကမ္ဘာဂြိုဟ်အတွက် စီမံချက်'**ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ကမ္ဘာ့လူဦးရေအများစုသည် မြို့ကြီးများ၌ နေထိုင်ကြသည့်အတွက် မြို့ကြီးများကို စီမံချက်ချမှတ်ရန် အရေးကြီးလာသည်။ စီမံချက်ချမှတ်ခြင်းဖြင့် မြို့ကြီးများရှိ လူသန်းပေါင်းများစွာတို့သည် စိမ်းလန်းစိုပြည်၍ သန့်ရှင်းကျန်းမာသော ပတ်ဝန်းကျင်၌ နေထိုင်နိုင်ကြမည်ဖြစ်သည်။ ယခုနှစ်ဆောင်ပုဒ်နှင့်အညီ မြို့ကြီးများ၌ စွန့်ပစ်ပစ္စည်းများကို ပြန်လည်၍အသုံးချမှု၊ သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ်မှုနှင့် ပြည်သူလူထု ကျန်းမာရေးနှင့် မြို့များသန့်ရှင်းသာယာစေရေးနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအပါအဝင် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်များပါဝင်သည့် စာစီစာကုံးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်သည်။

စာစီစာကုံးများကို A4ဆိုက် စာမျက်နှာအနည်းဆုံး ၁၀မျက်နှာ ကွန်ပျူတာဖြင့် စာစီစာကုံးရေးသားရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်သူ၏ နာမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ စသည်တို့ကို တစ်ပါတည်းဖော်ပြရမည်ဖြစ်သည်။ အဆင့်မီ စာစီစာကုံးဆုရရှိသူများကို ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာစီစာကုံးများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် မျက်နှာချင်းဆိုင်ရှေ့ရှိ အဆောက်အအုံ(သုံးထပ်ဆောင်၏အပေါ်ဆုံးထပ်) ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ် ရန်ကင်းမြို့နယ် ရန်ကုန်မြို့သို့ မေ ၂၇ရက် ညနေ ၄နာရီခွဲအရောက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၉-၅-၂၀၀၅
(တနင်္လာနေ့) နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Measures of Dispersion (ဒုတိယနှစ်-စီးပွားရေး)
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြဲ့ာနဲ့ကြမ္မာ"** (အပိုင်း-၂၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မေးမြန်းစူးစမ်း
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၂၂)
၂၁။ သင့်အတွက် မနက်ဖြန်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၅(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ သစ်ပင်ရှိလျှင် ငရုတ်ကောင်းတင် အမှန်ပင်ဝင်ငွေတိုး
၇:၂၀ UEFA . Stories Euro 1980
၇:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၀၀ မြန်မာ့မြေအောက်သယံဇာတများ ရွှေနှင့်ခဲမဖြူသတ္တုတူးဖော်ရေးလုပ်ငန်း
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ ပြည်တွင်းသတင်းအကျဉ်း
၈:၃၀ လက်ယှက်သစ်ချောင်းပုံဖော် သစ်ထုတ်လုပ်မှုလုပ်ငန်း
၈:၄၀ တေးဂီတအစီအစဉ်
၈:၅၀ သိပ္ပံအကြောင်းသိကောင်းစရာ
၉:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၂၅ တေးဂီတအစီအစဉ်
၉:၄၀ ပြည်တွင်းသတင်းအကျဉ်း
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ ကိုကြီးနှောင်ပြောတဲ့ သီချင်းများအကြောင်း(တမ်းတမ်းတတချစ်ခဲ့လို့)
၁၀:၀၅ မိုးလေဝသခန့်မှန်းချက်
၁၀:၁၀ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်စပါးခွံဓာတ်ငွေ့သုံးစက်
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည ၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား လှိုင်သာယာမြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့ညနေ ၆နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာန စခန်းသစ်ရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး (ဦးစီး) ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးလှထွန်းက (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာန၏ မီးသတ်ပညာပြိုင်ပွဲ၊ စစ်ရေးပြပြိုင်ပွဲနှင့် တူညီဝတ်စုံပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ညွှန်ကြားရေးမှူး(ဦးစီး) ဦးဇော်ဝင်း၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

ကြက်ခြေနီစေတနာလုပ်အားရှင်များကျန်းမာရေးဝန်ထမ်းများနှင့်လက်တွဲဆောင်ရွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆတက်ထမ်းပိုးထမ်းဆောင်

ရန်ကုန် မေ ၈

၂၀၀၅ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီ လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ ကမ္ဘာ့ကြက်ခြေနီနေ့သည် ကြက်ခြေနီလှုမှုကရုဏာ လုပ်ငန်းများကို စတင်အကောင်ထည်ဖော်ခဲ့သူ ဟင်နရီဒူးနန့်၏ မွေးနေ့ကို အထိမ်းအမှတ်အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့သကဲ့သို့ ကမ္ဘာတစ်ဝန်း စေတနာလုပ်အားရှင်များ၏ မြင့်မြတ်သောစိတ်ဓာတ်နှင့်လုပ်အားကို အသိအမှတ်ပြုသည့်နေ့လည်း ဖြစ်ပါကြောင်း။

လူသားထု၏ ကျန်းမာရေးကို မြှင့်တင်ပေးခြင်း၊ ရောဂါဘေးကိုကာကွယ်တားဆီးခြင်း၊ ရောဂါများကို နည်းပါးသက်သာစေခြင်းစသည့် လုပ်ငန်းများကို ကြက်ခြေနီက ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရကြောင်း။

စေတနာလုပ်အားရှင်များ

ထိုသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသည့် ရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ တူညီလက်တွဲပြီး လုပ်ဆောင်နေကြသူများမှာ ကြက်ခြေနီအသင်းဝင် တပ်ဖွဲ့ဝင် စေတနာလုပ်အားရှင်များ ဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ‘ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်’ ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းစဉ်သုံးရပ်ဖြစ်သော ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန်ဟူသည့် လုပ်ငန်းစဉ်များကို အကောင်ထည်ဖော်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် အောင်မြင်မှုများ ရရှိခဲ့သည်ကိုလည်း တွေ့မြင်ရပါကြောင်း၊ အထူးသဖြင့် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သော ရောဂါကြိုတင်ကာကွယ်တိုက်ဖျက်ရေး၊ ကျန်းမာရေးမြှင့်တင်ရေး၊ ကျန်းမာရေး အသိပညာပေးရေးလုပ်ငန်းများမှာ ထင်ရှားသည့် သာဓကများဖြစ်ကြောင်း။

ဆတက်ထမ်းပိုးထမ်းဆောင်

ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ ကိုယ်ကျိုးမဖက်သော အများအကျိုးဆောင်ရွက်မှုများကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါ ကြောင်းနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း ယခုထက်ပိုမို၍ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေ ဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေ နီအသင်း ဥက္ကဋ္ဌ ဒေါက်တာလှမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းဥက္ကဋ္ဌတို့က ပူးတွဲပေးပို့သော ကမ္ဘာ့ကြက်ခြေနီနေ့သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Joanna Mac Lance က ဖတ်ကြားပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် နံနက်၉နာရီတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ရေဘေးကယ်ဆယ်ရေးတွင် ပါဝင်ကူညီဆောင်ရွက်ရင်းကွယ်လွန်ခဲ့သည့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်စုမှူးအောင်သန်းဌေးအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုတံဆိပ်ကိုလည်းကောင်း၊ နိုင်ငံတော်က ချီးမြှင့်သည့်လူမှုထူးချွန်ဆုရကြက်ခြေနီ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း၊ ကြက်ခြေနီလုပ်ငန်းများကို ၁၀ နှစ်ဆက်တိုက် စဉ်ဆက်မပြတ်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အမှုဆောင်များအား ဂုဏ်ထူးဆောင် အမှုဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို လည်းကောင်း၊ ကြက်ခြေနီလုပ်ငန်းများကို၁၅နှစ်ဆက်တိုက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်တပ်ဖွဲ့ဝင် တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို လည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စစ်ရေးပြနှင့်သူနာပြုစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ သူနာပြုစွမ်းရည် တံခွန်စိုက်ဒိုင်း၊ စစ်ရေးပြစွမ်းရည် တံခွန်စိုက်ဒိုင်းနှင့် စစ်ရေးပြနှင့်သူနာပြုစွမ်းရည် တံခွန်စိုက်အလံ ရရှိကြသည့် အသင်းများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

မန်ယူက အိမ်ကွင်းတွင် ဝက်စ်ဘရွန်းနှင့် တစ်ဂိုးစီသရေပွဲဖြစ် ချယ်လ်ဆီးနှင့် အဲဗာတန်တို့ အိမ်ကွင်း၌ နိုင်ပွဲများရရှိ

လန်ဒန် မေ ၈

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်များကို ဆက်လက်ကစားလျက်ရှိရာ ဒုတိယနေရာကို အာဆင်နယ်ထံမှလုယူရန် ကြိုးစားနေသော မန်ချက်စတာယူနိုက်တက်က တန်းဆင်းရန်သေချာသလောက်ရှိနေပြီဖြစ်သော ဝက်စ်ဘရွန်းကို အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ တစ်ဂိုးစီသရေပွဲဖြစ်သွားသဖြင့် ဒုတိယနေရာရရှိရေး အလားအလာမှေးမှိန်သွားရပြီ ဖြစ်သည်။

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးက အိမ်ကွင်းတွင် ချာလတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသလို တန်းစီဇယား စတုတ္ထနေရာတွင်ရှိနေသော အဲဗာတန်ကလည်း အိမ်ကွင်းဂွတ်ဒီဆင်ပတ်ခ်၌ နယူးကာဆယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

သရေကျ

တန်းစီဇယား နောက်ဆုံးတွင်ရှိနေပြီး တန်းဆင်းရန် သေချာနေပြီဖြစ်သော ဝက်စ်ဘရွန်းကို မန်ယူတို့ အိမ်ကွင်း၌ အနိုင်မကစားနိုင်ခဲ့ပေ။ တိုက်စစ်ကို အလန်စမစ်၊ ရိုနယ်ဒို၊ ကလီဘာဆင်နှင့် ရိုင်ယန်ဂစ်တို့ဖြင့် ပွဲထုတ်လာသော မန်ယူသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့သည်။ ရိုနယ်ဒို၏ ဝက်စ်ဘရွန်းဂိုးဧရိယာအတွင်းမှ ကန်သွင်းမှု၊ ဖော်ကျွန်း၏ ၁၈ ကိုက်အကွာမှ အမှတ်မထင် ကန်သွင်းမှုများကို ဝက်စ်ဘရွန်းဂိုးသမား ရစ်ဆယ်ဟုဒ် ကာကွယ်သွားနိုင်ခဲ့သည်။

မန်ယူ၏တိုက်စစ်ကိုဝက်စ်ဘရွန်းနောက်ခံလူများ မနားတမ်းဖျက်ထုတ်နေရာမှ ၂၁ မိနစ်တွင် ဝက်စ်ဘရွန်းဂိုးဧရိယာအစပ်မှ ပြစ်ဒဏ်ဘောရရှိရာ ယင်းအလွတ်တည်ကန်ဘောကို ရိုင်ယန်ဂစ် ဘယ်ခြေဖြင့် ကန်သွင်းခဲ့သဖြင့် မန်ယူတို့ အဖွင့်ဂိုး စတင်ရရှိခဲ့သည်။

မန်ယူတို့ ဂိုးထပ်မံရရှိရေး တစ်ဖက်သတ် ထိုးဖောက်ဖိကစားလျက်ရှိရာ ရိုနယ်ဒို၊ စမစ်၊ ဖော်ကျွန်းနှင့် ရိုင်ယန်ဂစ်တို့၏ ဆန္ဒစောနေမှုနှင့် ဂိုးပေါက်လွဲနေမှုများကြောင့် ဂိုးမရရှိဘဲဖြစ်ခဲ့ရသည်။ ဝက်စ်ဘရွန်းတို့ တစ်ကြိမ်နှစ်ကြိမ်ခန့်သာ ကန်သွင်းခွင့်ရခဲ့ပြီး တစ်ချိန်လုံးနီးပါး မန်ယူတိုက်စစ်ကိုသာ ဟန့်တားခဲ့ရသည်။

၆၁ မိနစ်တွင် ဝက်စ်ဘရွန်း တိုက်စစ်မှူး ဘောလုံးဆွဲယူလာသည်ကို ဂိုးဧရိယာအတွင်း အိုရှီးယားတွန်းဆွဲလိုက်မှုကြောင့် ပယ်နယ်တီ အပေးခံရရာ ယင်းပယ်နယ်တီကို ဝက်စ်ဘရွန်းမှ ရောဘတ်အန်းရောက သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိသွားသည်။

၆၇ မိနစ်တွင် မန်ယူမှ စမစ်အစား ဆာဟာ၊ ကလီဘာဆင်အစား ရွန်နီနှင့် ဖီးလ်နဗီးအစား ပေါလ်စခိုးတို့ဖြင့် အစားထိုးပြီး တိုက်စစ်ကိုမြှင့်တင်ခဲ့ရာ ဂိုးသွင်းခွင့် အကြိမ်များစွာရရှိခဲ့သော်လည်း ဂိုးရရှိအောင် မသွင်းနိုင်ခဲ့ပေ။

မန်ယူတို့ အနိုင်ဂိုး ရရှိရေး ကစားအား တင်ကြိုးစားသော်လည်း ဂိုးထပ်မံ မသွင်းနိုင်ဘဲ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ ရခြင်းဖြစ်သည်။

ကံကောင်းစွာအနိုင်ရ

နှစ်ပေါင်း ၁၀၀ အတွင်း ဒုတိယအကြိမ်မြောက် ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ပြီဖြစ်သော ချယ်လ်ဆီးတို့ လက်ကျန်ပွဲများကို ဂုဏ်သိက္ခာအတွက် ကစားလျက်ရှိသော်လည်း လူစုံထုတ်ကစားသွားခဲ့သည်။

မန်ချက်စတာယူနိုက်တက်နှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် မန်ယူမှ ဖီးလ်နဗီး (ဝဲ)နှင့် ဝက်စ်ဘရွန်းမှ ရောဘတ် (လယ်)တို့ ဘောလုံးရရှိရေးကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ယှဉ်လု

ချယ်လ်ဆီးနှင့် ချာလတန်တို့ပွဲတွင် ချယ်လ်ဆီးမှ မက်ခ်ီလီလီ (ယာ)**နှင့် ချာလတန်မှ ကီဗင်လစ်ဘိုင်** (ဝဲ)**တို့ ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ-အင်တာနက်)

မိမိကွင်း စတန်းဖို့ဒ်ဘရစ်၌ အာဂျန်ရော်ဘင်မှလွဲပြီး လူကုန်ထုတ်ကစားသော်လည်း ပထမပိုင်းပွဲချိန်များအတွင်း ဂိုးမသွင်းနိုင်ခဲ့ပေ။ ပွဲချိန် ပထမပိုင်းတွင် ဂတ်ဂျွန်ဆင် ဂိုးရှေ့သို့ ခုတ်တင်ပေးလိုက်သည့် ဘောလုံးကို ဖရန့်လမ်းပတ် ခေါင်းတိုက်သွင်းသော်လည်း ဂိုးပေါ်ကျော်ခဲ့သလို ဂျိုကိုးလ်အပိုင်ကန်သွင်းချက်လည်း လွဲချော်ခဲ့သဖြင့် အဖွင့်ဂိုး စောစီးစွာမရရှိခဲ့ခြင်းဖြစ်သည်။

ချာလတန်မှ ဂျိုဟန်ဆင်၊ ကီရှိရှပ်ဖ်၊ မူရာဖီတို့ ဘယ်ယာခြမ်းများမှ ထိုးဖောက် ဂိုးသွင်းမှုများကိုလည်း ချယ်လ်ဆီးနောက်တန်းမှ ဟန့်တားဖျက်ထုတ်နိုင်ခဲ့သဖြင့် ချာလတန်တို့ အပိုင်ကန်သွင်းခွင့် အခွင့်အရေးနည်းခဲ့ရသည်။

ချယ်လ်ဆီးတို့ ဂိုးရရှိရေးကြိုးစားပြီး ထိုးဖောက်တိုက်စစ်ဆင်ကစားရာမှ ပွဲချိန်မိနစ်၉၀ တွင်မက်ခ်ီလီလီက ဂိုးသွင်းယူခဲ့သဖြင့် ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အနိုင်ရ

လီဗာပူးတို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ခဲ့သဖြင့် နောက်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ကြိုးစားနေသော အဲဗာတန်တို့၏ မျှော်လင့်ချက် ဝေဝါးနေလျက်ရှိနေသော်လည်း အိမ်ကွင်း၌ နယူးကာဆယ်တို့ကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ကစားနိုင်ခဲ့သည်။

၄၂မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် အဲဗာတန်နောက်ခံလူ ဒေးဗစ်ဝီရာက သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး ရရှိခဲ့သည်။ ၅၉ မိနစ်တွင် အဲဗာတန်မှ တင်ကာဟေးလ်က တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ရခိုင်ကမ်းလွန်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိန္ဒိယနိုင်ငံ Essar Oil Limited နှင့်စာချုပ်ချုပ်ဆိုပွဲကျင်းပ

ရန်ကုန် မေ ၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Essar Oil Limited တို့သည် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-2 နှင့် ရခိုင်ကမ်းမြောင်ဒေသ ကုန်းပိုင်းလုပ်ကွက် L (စစ်တွေဒေသ)တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts)ကို ယမန်နေ့ ညနေ၆နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးချုပ်ဆိုပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.R.K.Bhatia၊ Essar Group၏ ဥက္ကဋ္ဌဖြစ်သူ Mr.S.N.Ruia၊ Essar Oil Limited ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr.A. N.Sinha၊ ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် Essar Oil Limited ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ Mr. A. N.Sinha နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် Essar Oil Limited ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr.A.N. Sinha တို့က စာချုပ်များကို လက်မှတ်ရေးထိုး ချုပ်ဆိုကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်တို့ကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက Essar Group ၏ဥက္ကဋ္ဌဖြစ်သူ Mr. S.N. Ruia ထံ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း အရှေ့တောင်ပိုင်း၌ တည်ရှိ

ရန်ကုန် မေ ၈

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် အရှေ့ဘက်သို့ရွေ့လျားခဲ့ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသောဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပ သည့် မြို့နယ် စာပေအဖွဲ့ဝင်များ၏ စာပေ သုတ ဆွေးနွေးပွဲ ကို ရန်ကင်းမြို့နယ် ၁၂ လုံး တန်းသဒ္ဓမ္မ ဘာဝိတ ဓမ္မာရုံ၌ မေ ၈ ရက် နံနက်က ကျင်းပ ရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဦးထင်ကျော်(ကျောက်ပန်းတောင်းတင်နိုင်)နှင့် ဒေါ်တင်တင်ဝင်း (တင်တင်ဝင်း ဗိုလ်ချိုမြေ)တို့က စာပေရေးရာများ ဆွေးနွေးကြစဉ်။ (မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၇)ဖြန့်ချိ

ရန်ကုန် မေ ၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ တရုတ်နိုင်ငံမှဆန်မွှေးမျိုးဖြင့် ဆင်းရွှေလီ ဆန်မွှေး စမ်းသပ်စိုက်ပျိုး အောင်မြင်၊ ငလျင်ကြောင့် ရွေ့လျားသွားသည့် စစ်ကိုင်းပြတ်ရွေ့ ကြောပြန်လည်တိုင်းတာမည်၊ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အား ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိ၊ သင်္ဘောများတွင် တပ်ဆင်သော အလူမီနီယမ် Port Hole များ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

တာ့ဂျ်မဟာလ် နှစ်၃၅၀ပြည့်နှစ်ပတ်လည်ကို အမည်းရောင်သဲနန်းတော်ပုံတူဖြင့် ဂုဏ်ပြုမည်၊ ဆင်မယဉ်သာအလှ ဝမှလှဟု ဂျမ်ဘိုအလှမယ်က ကြေညာ၊ မင်္ဂလာပွဲ အား ရှောင်ပုန်းသွားသည့် သတို့သမီးကို ချစ်မြဲချစ်လျက်ပါဟု သတို့သားကဆို၊ ဝေါ့ခ်မင်ပြီးတော့ တယ်လီကလာ့စ်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာမြဆောက်လုပ်ရေးကုမ္ပဏီမှ
ဓာတ်လှေကားပါသည့်တိုက်ခန်းသစ်များရောင်းရန်ရှိသည်။
အဆောက်အအုံမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

နေရာ – အမှတ် ၂၅၊ ကျုံးကြီးလမ်း(အနော်ရထာလမ်းထိပ်) ၂၃လမ်း၊ ကျုံးကြီးလမ်းထိပ်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အတိုင်းအတာ – ၂၈ပေ-၉လက်မ x ၅၈ပေ (ကျုံးကြီးလမ်းဘက်ခြမ်း)
၂၃ပေ-၆လက်မ x ၅၈ပေ(အတွင်းဘက်ခြမ်း၊ ၂၃လမ်းအတွင်းခန်း)

ဆက်သွယ်ရန်လိပ်စာ– Ayar Travels & Tours Co., Ltd.
အမှတ် ၂၉၄/၁၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း–၀၉–၅၀၀၉၀၉၃။



မြန်မာ့ရုပ်မြင်သံကြား

၉–၅–၂၀၀၅(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓမ္မ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀	၇။	အရေးပြိုင်ပွဲ
၈:၂၀	၈။	ကျောင်းသာရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar Made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ
၁၇:၄၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၉။	Discovery
၁၈:၁၀	၁၀။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း–၉၁)
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၄။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉:၃၅	၁၅။	တေးဂီတအစီအစဉ်
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟေမန်ဆောင်း၏ချစ်သံစဉ်"** (အပိုင်း–၁၅)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မောင်ကျော်ကျော်အောင် B.E (Electronics)
Advanced Diploma (Building Automation & Services)
Singapore Polytechnics Facility Engineer
(Murata Electronic Pte., Ltd. Singapore)

နှင့်

မခင်သိန်းသန်း B.A (Geography)
Diploma in English
(SEAMEO Chat Communication in English)

တို့၏ ၈–၅–၂၀၀၅ရက်(တနင်္ဂနွေနေ့) I.B.C၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့် လက်စွပ်ချီးမြှင့်ပေးသော အကယ်ဒမီ ဦးနေအောင်နှင့်ဇနီး ဒေါ်မေဇင်နှင်း၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဖန်းကိုင်ဆောင်ပေးသော ညီမငယ် မအိမ့်မွန်အောင်၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော ဦးသိန်းမြင့်သန်းနှင့် အဖွဲ့၊ I.B.C မှ ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများနှင့်ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ကျော်အောင်–မခင်သိန်းသန်း။

ဆက်သွယ်ပါရန်

သူငယ်ချင်း စုသီတာမော်၊ မြမိုးအေးနှင့် ဝါဝါချစ်(မောင်) Reunion ပွဲအတွက် အမြန်ဆက်သွယ်ပါ။

စောမြတ်စန္ဒီ
ဖုန်း–၀၉–၅၀၀–၃၀၅၇ (သို့) ၅၃၆၆၂၄။



လောင်စာ တွေကိုရှင်း မီးဘေး အန္တရာယ်ကင်း

THREE FRIENDS CO.,LTD.
CONSTRUCTION & DECORATION

- အခန်းဖွဲ့ခြင်း
- မျက်နှာကြက်အလှဆင်ခြင်း
- Modern Furniture များဖြင့်အလှဆင်ခြင်း
- လိပ်တံခါးနှင့် စတီးလုပ်ငန်းများ
- မှန်၊ အလူမီနီယံနှင့် သံပန်းလုပ်ငန်းများ
- လုံးချင်းအိမ်များဆောက်လုပ်ခြင်း (PAE)
- ဆေးသုတ်ခြင်း၊ ပေါလစ်တင်ခြင်း
- နံရံကပ် Wall Covering ကပ်ပေးခြင်း
- လျှပ်စစ်လုပ်ငန်းများ၊ ရေသွယ်တန်းခြင်း
- အသင့်ခင်းလျှာထိုးပြားများခင်းပေးခြင်း
- ပါကေးခင်းခြင်း၊ ကြွေပြားကပ်ခြင်း
- Archi & Structure Design ရေးဆွဲပေးခြင်း
- ပလာစတာကောနစ်၊ပလာစတာဘုတ်ရောင်းချပေးခြင်း
- ဖိုင်ဘာတံခါးနှင့်အိမ်အလှဆင်ပစ္စည်းများရောင်းချပေးခြင်း

★ Free Gift
လုံးချင်း (သို့)
အိမ်ခန်းအလှဆင်လျှင်
လုပ်ငန်းအမျိုးအစားတစ်ခု
လက်ဆောင်ရမည့် အခွင့်အလမ်း
(Selected Item)

44A(1)၊ ကျိုက်ကဆံအိမ်ရာ၊ ရန်ကုန်ကုန်သွယ်မှုဇုံဟိုဌာန အနောက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ph: 01-201121, 294864, 201478, 09-50-11443, 09-50-10289

ပါဠိပထမပြန် စူဠဘွဲ့နှင်းသဘင် နွားထိုးကြီးမြို့နယ်တွင် အခမ်းအနားကျင်းပ

နွားထိုးကြီး မေ ၃၀

နွားထိုးကြီးမြို့နယ် (၁၈)ကြိမ်မြောက် ပါဠိပထမပြန် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မေ ၄ရက်က မြို့နယ်သံဃနာယကအဖွဲ့ရုံး အလည်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ချိုင်းနားကျောင်းဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ရေစက်ချတရား နာယူကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပထမကြီးတန်း ၁၁ပါး၊ ပထမလတ်တန်း ၃၂ပါးနှင့် ပထမငယ်တန်း ၃၄ပါးတို့အား အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။ (၂၁၃)

ကရင်ပြည်နယ် လှိုင်းဘွဲမြို့ ငြိမ်းချမ်းရေး ရုပ်တုအဝိုင်းအား သာယာလှပရေး အတွက် မေ ၁၉ ရက်က စည်ပင်သာယာရေး အဖွဲ့ရုံး ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို မြို့နယ် အမှုဆောင်အရာရှိ ဦးဝင်းလွင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးသန့်ဇင်လင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

(၇၅)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် မေ ၈

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး(အင်ပူ) လုပ်ထူးချွန်(ပထမဆင့်)**(အပေါ်ပုံ)**သည် မေ ၂၉ ရက်က မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် (၇၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မေ ၃၀ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့ပိုင်မြေပေါ်တွင် မြို့နယ်ဓမ္မာရုံတည်ဆောက်ရေးအတွက် ဓမ္မကထိကဆရာတော်အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)အရှင်သူမြတ်က အလှူငွေကျပ်တစ်သိန်းနှင့်ဦးအောင်မြင့်၊ ဆရာမ ဒေါ်တင်လှိုင်၊ သားမောင်နိုင်လင်းအောင် မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းလှူဒါန်းကြရာမြို့နယ်မလွန်ဆန်လှူသင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော်က လက်ခံရယူစဉ်။ (က-ပ)

ဟားခါးမြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ အခြေခံနှင့် အဆင့်မြင့်သင်တန်းဆင်းပွဲကျင်းပ

ဟားခါး မေ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ အခြေခံသင်တန်း အမှတ်စဉ် (၂၇/၂၀၀၄)၊ အဆင့်မြင့်သင်တန်းအမှတ်စဉ် (၁၀/၂၀၀၄)နှင့်သိုးမွေးစက်ဆွဲသင်တန်း၊ လက်ရက်ကန်းသင်တန်း၊ ကနုကမာကျောက်စီ ပန်းချီသင်တန်း အမှတ်စဉ် (၂/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ၁ရက် နံနက်၉နာရီက ဟားခါးမြို့ အဆိုပါသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်ဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး အဆင့်မြင့်စက်ချုပ်သင်တန်း ထူးချွန်ဆုရ ဟားခါးမြို့နယ်မှ မဒွေးဒွေးဝင်း၊ အခြေခံစက်ချုပ်သင်တန်း ထူးချွန်ဆုရ ဟားခါးမြို့နယ်မှ မရုန်ဇအေမ်၊ သိုးမွေးစက်ဆွဲသင်တန်းထူးချွန်ဆုရ မဘွေလဲင်း၊ လက်ရက်ကန်းသင်တန်း ထူးချွန်ဆုရ မနီယန်းချင်းဆုန်နှင့် ကနုကမာကျောက်စီပန်းချီ သင်တန်းထူးချွန်ဆုရ မဇာလီအောင်တို့အား သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ အခြေခံစက်ချုပ်သင်တန်းသူ၂၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ၁၀ဦး၊သိုးမွေးစက်ဆွဲသင်တန်းသူခြောက်ဦး၊ကနုကမာကျောက်စီပန်းချီ သင်တန်းသူငါးဦး၊ လက်ရက်ကန်းသင်တန်းသူခြောက်ဦး စုစုပေါင်း သင်တန်းသူ၄၇ဦးတို့တက်ရောက်သင်ယူကြပြီးသင်တန်းကာလမှာ ၁၄ပတ် ကြာမြင့်မည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲနှင့်အဆောက်အအုံသစ် လွှဲပြောင်း ပေးအပ်ပွဲကို မတ် ၂၇ ရက်က အောင်ဆန်း(၈) လမ်းထိပ်၌ ကျင်းပရာ ရုံးသစ်ဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးသန်းစိန်က ရုံးသစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ကြည် ထံ လွှဲပြောင်း ပေးအပ်စဉ်။ (၀၉၇)

ဒေးဒရဲမြို့နယ်တွင် သီးနှံစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆုပေးအပ်

ဒေးဒရဲ မေ ၄

ဒေးဒရဲမြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ဧပြီ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုများဖြစ်သည့် မိုးစပါးအထွက်နှုန်း အကောင်းဆုံးဆုကို ဦးညွန့်မောင် (ချောင်းဖျားကျေးရွာ)၊ နွေစပါးအထွက်နှုန်းအကောင်းဆုံးဆုကို ဦးဝင်းမြင့်အောင်(ချောင်းဖျားကျေးရွာ)၊ နည်းပညာလိုက်နာမှု အကောင်းဆုံးဆုကို ဦးဝင်းထွန်းအောင်(ဆင့်ကူးကျေးရွာ)၊ နွေစပါးအများဆုံးစိုက်ပျိုးနိုင်မှုကို ဦးဝင်းမြင့်အောင်(ချောင်းဖျားကျေးရွာ)၊ ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးဧကပြည့် ကြိုးပမ်းစိုက်ပျိုးနိုင်မှုဆုလေးဆုကိုဘုရားကလေး၊ဒါးမသိမ်း၊ မိချောင်းအိုင်၊ခနုံးချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆုကို မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှဝန်ထမ်းနှစ်ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။

(အောက်ပုံ) **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်ငွေလှူ

ချောင်းဆုံ မေ ၃၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၉ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပသည်။

ရေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမျိုးသိုက်က အလှူငွေပေးအပ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံ၊ မူရစ်ကလေး၊ ကညော်တိုက်နယ်ဆေးရုံများအတွက် အလှူငွေ ကျပ်တစ်သိန်းကိုးသောင်းနှင့်ကွမ်လှာ/ဒေါင်း၃(အမက)ကျောင်းများအတွက် ငွေကျပ် ခြောက်သောင်းတို့ကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များမှ အများဆုံး သွေးလှူနိုင်သော အလှူရှင်ငါးဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ယန်းတွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

တန့်ယန်း မေ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ အမှတ်(၄)ရပ်ကွက် သခင်ကိုယ်တော်မှိုင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ရက် နံနက် ၈နာရီက အဆိုပါလမ်းသစ်၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံရွှေအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝေ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းယီထွန်းနှင့် အလှူရှင်များကိုယ်စား အလှူရှင် ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံဆောင်ရွက်

အဆိုပါကတ္တရာလမ်းသစ်မှာ အရှည်ပေ ၈၅၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၆၆၇၀၀၀၊ ပြည်သူများ စုပေါင်း ထည့်ဝင်ငွေကျပ် ၁၂၆၈၀၀၀ စုစုပေါင်း ငွေကျပ် ၁၉၃၅၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ ဤဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ၏ ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များတွင် အသုံးပြုရန်လိုအပ်သည့် (Hologram Sticker)များအား အောက်ဖော်ပြပါ အရေအတွက်အတိုင်း ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ယာဉ်မောင်းလိုင်စင်(ဟိုလိုဂရမ်)ဒေါင်လိုက်	၄၀၀၀၀၀(လေးသိန်း)
(ခ)	ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(ဟိုလိုဂရမ်)အဝိုင်း	၈၀၀၀၀၀(ရှစ်သိန်း)
(ဂ)	ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)(ဟိုလိုဂရမ်)လေးထောင့်	၁၁၀၀၀၀၀(တစ်ဆယ့်တစ်သိန်း)

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၅-၂၀၀၅(အင်္ဂါနေ့) ၁၆း၀၀နာရီ
(ဤဦးစီးဌာနအနေဖြင့် တင်ဒါကို အကြောင်းတစ်စုံတစ်ရာမပြဘဲ ပယ်ဖျက်ခွင့်ရှိသည်။)

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၆-၅-၂၀၀၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ဖုန်း-၅၇၃၁၀၇/၅၇၀၉၃၅။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
(က)	High Voltage Motor	1 Unit	၂၀-၅-၂၀၀၅(မွန်းတည့် ၁၂း၀၀ နာရီ)
(ခ)	Air Compressor	1 Unit	၂၀-၅-၂၀၀၅(မွန်းတည့် ၁၂း၀၀ နာရီ)
(ဂ)	Aluminium Sulphate	840 MT	၂၀-၅-၂၀၀၅(မွန်းတည့် ၁၂း၀၀ နာရီ)

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်း-၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၆

ဦးစိုးသန်း
အမှတ်(၆)၊ လှော်ကားလမ်း
(၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
ရန်ကုန်မြို့။ **လျှောက်ထားသူ**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက် လှော်ကားလမ်း၊ အမှတ်(၆)နေ ဦးစိုးသန်းက ကွယ်လွန်သူဒေါ်အေးအေးသင်း၏ ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ဒေါ်အေးအေးသင်းအမည်ဖြင့် စုဆောင်း ကျန်ရှိသည့် စုဆောင်းငွေများအပေါ် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဒေါ်အေးအေးသင်းတွင် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၅ ခုနှစ် မေလ ၂၇ ရက် (၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၅ ရက်)နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးစိုးသန်း၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်စာ ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၅ ခုနှစ် မေလ ၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွန်း
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
လမ်းတံတားဌာန
ကတ္တရာဝယ်ယူရန် ချိပ်ပိတ်တင်ဒါ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ လမ်းဖောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော ကတ္တရာ အရည်ပြည့်ပုံးများ ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။
(က) တင်ဒါစတင်လက်ခံမည့်နေ့ရက် - ၂၉-၄-၂၀၀၅
(ခ) တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၄-၅-၂၀၀၅(အင်္ဂါနေ့) ၁၃း၀၀ နာရီ

၃။ ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ၂၇-၄-၂၀၀၅ရက်မှစတင်၍ တင်ဒါပုံစံ တစ်စုံလျှင်၁၀၀၀ိ/ နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

ကတ္တရာဝယ်ယူရေးအဖွဲ့
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဧပြီ ၂၈ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သိုလှောင်ရုံဝင်းရှိ မော်တော်ယာဉ်နှင့် စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မတ် ၂၀ရက်က မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြင်းခြံမြို့တွင်း ပလက်ဖောင်းများ ပျက်စီး နေမှုအား ပြုပြင် လျက်ရှိရာ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့ မြို့မဈေးကြီး အတွင်း၌ အသားငါးများ ယင်လုံဆန်ခါဖြင့် စနစ်တကျ ရောင်းချမှုအခြေအနေကို မတ် ၁၆ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မေတ္တာရိပ်အခမဲ့ဆေးကုသခန်းသို့ ငွေလှူဒါန်း

ဟိုပင် မေ ၃၀

ကချင်ပြည်နယ် ဟိုပင်မြို့တွင် စေတနာရှင်ဒေါက်တာဝင်းလှိုင် ကြီးမှူး ဖွင့်လှစ်ထားသော မေတ္တာရိပ်အခမဲ့ ဆေးကုသခန်းသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် အလှူရှင်များမှအလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်က အဆိုပါ မေတ္တာရိပ် အခမဲ့ ဆေးကုသခန်း အဆောက်အအုံတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့မိမြို့ဖ ဦးညီလေးက ဆေးကုသခန်း ပေါ်ပေါက်လာပုံ ရှင်းလင်းပြောကြားပြီး အလှူငွေပေးအပ်ပွဲကိုဆက်လက်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှနုနှင့် အဖွဲ့ဝင်များက အလှူငွေကျပ်နှစ်သောင်းငါးထောင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ နေထွန်းအောင်နှင့် အသင်းဝင်များက အလှူငွေကျပ် နှစ်သောင်းငါးထောင်၊ ဆရာမ ဒေါ်ခင်ညိုက အလှူငွေကျပ် တစ်သောင်း၊ ဦးဝင်းအောင်-ဒေါ်တင် တင်မြင့်မိသားစုက အလှူငွေကျပ် တစ်သောင်းနှင့် အခြားအလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

မတ် ၂၇ရက်က အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း ပဲခူးမြို့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့် ပညာသင်ယူပြီး မြောက်ခြင်း လက်မှတ်ပေးအပ် ချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမြင့်က ပဲခူးတိုင်း ဘက်စုံထူးချွန် ပထမဆု နှင့် ဘာသာရပ်ထူးချွန် ပထမဆုရ အဋ္ဌမတန်း ကျောင်းသူ မခိုင်ခိုင်မင်းအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

မြန်မာ့အသံ
၁၀-၅-၂၀၀၅(အင်္ဂါနေ့)နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓမ္မဂုဏ်တော်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အိမ်တွင်းစက်မှုလက်မှုမှ တိုင်းရင်းဆေးထုတ်လုပ်ခြင်း အကြောင်း၊ အပိုင်း-၂)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ဇာတိမာန် စိတ်ဓာတ်ကို နှိုးဆွသော အန်ချင်းကဗျာ-ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (အသက်နှင့်အရွက်)(ဒေါက်တာရဲနိုင်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (မွန်မြတ်သူတို့ဆုံဆည်းရာ)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မိဘဂုဏ်ကျေးဇူး) (သံလွင်ချို)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အသက်ရှည်ရှည်အရွယ်လှလှ)
၁၈း၁၅ ကျေးလက်ဇာတ်လမ်း (ရှောင်သင့်တာရှောင်)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)
၂၀း၃၀ ကလေးများအတွက် ပုံပြင်

ကြွေးကြော်သံများဖြင့် ရုပ်သိမ်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။ (ဝဲပုံနှင့်အောက်ပုံ)

(သတင်းစဉ်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ရာနှုန်းပြည့်အောင်မြင်မည်ယုံကြည် လက်တစ်ကမ်း၌ရောက်ရှိနေသည့် ပန်းတိုင်အရောက် လက်တွဲချီတက်ကြပါစို့

● ရှေ့ဖုံးမှ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ သူနာပြုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပတ်ဝန်းကျင်ဒေသများဖြစ်ကြသော ညောင်ဦး၊ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ရေနံချောင်း၊ ချောက်၊ ဆိပ်ဖြူနှင့် ပခုက္ကူမြို့နယ်များမှ ဒေသခံ ပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်ကတိသစ္စာငါးရပ်

၁။ ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် လက်ဆင့်ကမ်းခံယူကျင့်သုံးပါမည်။

၂။ ကျွန်ုပ်တို့သည် အေးချမ်းသာယာသောခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးကို ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် မမိုတ်မသုန်ဆောင်ရွက်ပါမည်။

၃။ ကျွန်ုပ်တို့သည် အမိနိုင်ငံတော်နှင့်နိုင်ငံသားတို့ကို ရာသက်ပန်ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ကျွန်ုပ်တို့သည် အမိနိုင်ငံတော်တွင် မှန်ကန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေရန် စည်းရုံးဆောင်ရွက်ပါမည်။

၅။ ကျွန်ုပ်တို့သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ပါမည်။